## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

ပညာရှိတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ မကောင်းမှုမှ စောင့်ရှောက်ကုန်၏။ ထိုကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် ကောင်းစွာစောင့်ရှောက်သော ပညာရှိတို့သည်သာလျှင် ကောင်းစွာစောင့်ရှောက်သောသူတို့မည်ကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၆၅)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

စာ - ၃ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနည်းပညာကဏ္ဍ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI က ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။



ပွဲကောက်ရေတံခွန်
(BE.FALLS)
အပန်းဖြေစခန်း

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်)

# လေးစားဂုဏ်ယူဖွယ်ကောင်းသည့်နိုင်ငံ့သားကောင်းများ

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်းမဖြစ်မနေထမ်းဆောင်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်ဖြစ်သည်။ ထိုကဲ့သို့ သမိုင်းပေးတာဝန်ကိုထမ်းဆောင်ရာတွင် ရဲသော်မသေ သေသော်ငရဲမလားဟူသည့် စိတ်ဓာတ်ခံယူချက်တို့ဖြင့် မိမိတို့၏တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးခဲ့ကြသည့် နိုင်ငံ့သားကောင်းများကို နိုင်ငံတော်အနေဖြင့် ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် ရှုပ်ရှုပ်ချွံချွံဆင်နွှဲခဲ့ပြီး လွတ်လပ်ရေးကို ပြည်သူများနှင့်အတူ ရယူပေးခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ကိုလိုနီစနစ်၏နောက်ဆက်တွဲ စိန်ခေါ်မှုမျိုးစုံကိုကြံ့ကြံ့ခံကာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများဖြင့် ပေးအပ်လာသမျှတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်လျက်ရှိသည်။ အတိတ်ကာလတွင် တာဝန်ကျေပွန်ခဲ့သလို ပစ္စုပ္ပန်နှင့်အနာဂတ်ကာလတွင်လည်း ကျေပွန်စွာထမ်းဆောင်နေမည်ဖြစ်သည်။ မြန်မာနိုင်ငံမတည်မငြိမ်ဖြစ်အောင် နိုင်ငံရေးအရ၊ စစ်ရေးအရ ဖန်တီးလာသည့် ပြည်တွင်းပြည်ပအန္တရာယ်များမှလည်း ကာကွယ်စောင့်ရှောက်ကာ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကိုစွမ်းဆောင်လျက်ရှိသည်။ လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲကြောင့်ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့်အမျိုးသားရေးတာဝန်ကိုသာရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးကိုသယ်ပိုးခဲ့သည်။ ဤသည်မှာ သမိုင်းတွင်ထင်ရှားသော တပ်မတော်၏စွမ်းဆောင်ချက်များဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မြေပြင်တွင် တိုက်ပွဲဝင်နေကြရသည့်တပ်မတော်သားများကဲ့သို့ပင် တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်များနှင့်မိသားစုဝင်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် အရန်အင်အားများပင်ဖြစ်သည်။ တပ်မတော်သားများ၏ပါရမီဖြည့်ဖက်များပီပီ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။ ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့်ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာလူတစ်စု၏ ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ဘဝများ ထိခိုက်နစ်နာနေရဦးမည်ဖြစ်သည်။ ထိုကဲ့သို့ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် တပ်မတော်က ကာကွယ်စောင့်ရှောက်ပေးနေခြင်းဖြစ်သည်။

ကမ္ဘာတွင်မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကိုလက်ခံထားခြင်းမရှိပေ။ သူတစ်ပါးနိုင်ငံ၏ပြည်တွင်းရေးမငြိမ်မသက်ဖြစ်အောင် နှောင့်ယှက်နေသည့်နိုင်ငံများသည်ပင် ယင်းတို့၏နိုင်ငံအတွင်းရှိ အကြမ်းဖက်မှုန်သမျှကို ပြတ်ပြတ်သားသားနှိမ်နင်းလျက်ရှိနေသည်။ မြန်မာနိုင်ငံတွင်လည်း အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများအမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည့်တာဝန်ဖြစ်ပေရာ ပြည်သူများအနေဖြင့် မိမိတို့ဘဝလုံခြုံအေးချမ်းသာယာမှုအတွက် အကြမ်းဖက်အဖျက်သမားတို့၏သတင်းများကို ပေးပို့ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တတ်စွမ်းသမျှပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၄ ရက်တွင်ကျင်းပသည့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားစဉ် **"နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများကင်းဝေးရန်ပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံအဆောက်အဦများတည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ကာ နိုင်ငံကို ဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဦးလည်မသုန်ထမ်းဆောင်လျက်ရှိသည်။ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့်ပါရမီဖြည့်ဖက်များကို လေးစားဂုဏ်ယူဖွယ်ကောင်းသည့် နိုင်ငံ့သားကောင်းများအဖြစ် ဂုဏ်ပြုလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**




မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

**၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီကာရာဂွါသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဒယ်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် ဒုတိယသမ္မတ မစ္စ ရိုဆာရီယို မူရီလို တို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဇန်နဝါရီလ(၄) ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် မြန်မာနိုင်ငံသားများအားလုံး ကြွယ်ဝချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်း၊ ကျန်းမာသုခနှင့်ပြည့်စုံ၍ လွတ်လပ်သာယာပါစေကြောင်း နီကာရာဂွါနိုင်ငံမှ ဆုမွန်ကောင်းပို့သအပ်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ညီရင်းအစ်ကိုပမာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဆက်လက်ခိုင်မာလာစေရန် ထပ်လောင်းဆန္ဒပြုအပ်ပါသည်။

လေးစားချစ်ခင်ရပါသော ညီအစ်ကိုရင်းချာဝန်ကြီးချုပ်ခင်ဗျာ၊ မြန်မာပြည်သူများအတွက် ပေးပို့သော နီကာရာဂွါပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုကို လက်ခံပေးပါရန် ပြောကြားလိုပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် မြန်မာပြည်သူများထံသို့ မိမိကိုယ်တိုင်နှင့် လာအိုနိုင်ငံ ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာ ရင်းနှီးသည့်ဆက်ဆံရေးနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် မိမိတို့၏လက်တွဲဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းမှုအတွက်သာမက ဒေသတွင်းနှင့်တစ်ကမ္ဘာလုံး တည်ငြိမ်အေးချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့အတွက်ပါ လာမည့်နှစ်များစွာတိုင် ပိုမိုခိုင်မာတိုးတက်လာမည်ဟု မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော် ကျန်းမာရွှင်လန်းပျော်ရွှင်ပြီး အဆွေတော်၏ အလုပ်တာဝန်များထမ်းဆောင်ရာ၌ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများအားလုံး သာယာဝပြောမှု အခွန့်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စ ပါနီး ယာထော်တူး ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူတစ်ရပ်လုံးထံသို့ နွေးထွေးသည့် ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နောင်လာမည့်နှစ်များတွင် မိမိတို့ နှစ်နိုင်ငံအကြားရှိ ကောင်းမွန်သော အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ကာလကြာရှည် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံနှင့် ကဏ္ဍစုံမှုဘောင်များမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ တိုးတက်သာယာဝပြောရေးအတွက်သာမက အာဆီယံအသိုက်အဝန်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင်ပါ ပိုမိုခိုင်မာလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်အနေဖြင့် စိတ်ချမ်းသာကိုယ်ကျန်းမာပြီး ကြီးမြတ်သော လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ပိုမိုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်း ဆီဖန်ဒုံထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိကိုယ်တိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရထံသို့ နွေးထွေးသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၇၀) ကျော်ကာလအတွင်း နှစ်နိုင်ငံအကြား၌ ကောင်းမွန်ပြီး အစဉ်အလာရှိသော ဆက်ဆံရေးမှာ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာ၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်သာမက နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် နှစ်နိုင်ငံနှင့် ကဏ္ဍစုံမှုဘောင်အတွင်းရှိ မိမိတို့၏ ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများနှင့် ရိုးရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတို့ တိုးတက်ခိုင်မာစေရေး အဆွေတော်နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်အနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ၏ ပိုမိုကြီးပွားတိုးတက်ရေးနှင့်သာယာဝပြောရေးအတွက် ဦးစီးဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ထမ်းများထံသို့ မိမိမှဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဆယ်စုနှစ် ခုနှစ်ခုကြာကာလအတွင်း မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုတို့သာမက နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ခိုင်မာလာသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ထိုသို့ကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နောင်လာမည့်နှစ်များတွင် ဆက်လက်တိုးတက်လာမည်ကို မိမိခိုင်မာစွာယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံ၊ ပြည်သူများနှင့် ဝန်ကြီးဌာနများအကြား အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်လာရေးအတွက် အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်ထံသို့ ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ထမ်းများအားလုံး ကျန်းမာရွှင်လန်းပျော်ရွှင်ပြီး အလုပ်တာဝန်များထမ်းဆောင်ရာ၌ အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## ချစ်တီးဖြစ်ဖူးလေသလော

ကျွန်ုပ်မှာ တစ်ကျောင်းလုံးတွင် စာအတော်ဆုံးသော ကျောင်းသားကလေးတစ်ယောက်ဖြစ်သော်လည်း ကျွန်ုပ်ကဲ့သို့ စိတ်ဆင်းရဲသောကျောင်းသားသည် ဤကျောင်းတွင်လည်းကောင်း၊ အခြားကျောင်းများတွင်လည်းကောင်း တစ်ယောက်မျှရှိလိမ့်မည်မထင်ပေ။ ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း စိတ်ချလက်ချအေးအေးဆေးဆေးနေရသည်ဟူ၍ တစ်နာရီမျှမရှိခဲ့ချေ။ ကျောင်း၌ရှိစဉ် ကြွေးရှင်ကျောင်းသား၏ မျက်နှာကိုကြည့်နေရ၏။ သူစိတ်မထင်လျှင် ယင်းနေ့အဖို့ ပိုက်ဆံနှစ်ပြားပေးဆပ်ပြီးသည့်အထဲမှပင် ကြွေးဟောင်းတောင်းပြီး ကျွန်ုပ်၏စာအုပ်ကလေးများကို ဆွဲ၍လုတတ်၏။ ဤအဖြစ်ကို ဆရာတော်သိမည့်အရေးအတွက်လည်း ကျွန်ုပ်ပင်ပူပန်ရ၏။ အိမ်၌ရှိစဉ်တွင်လည်း ကြွေးတင်ခြင်းအကြောင်းကို မိဘများ၏နားသို့ ပေါက်ကြားမည်ကိုလည်း ကျွန်ုပ်ပင်ပူပန်ရသည်။ ကျွန်ုပ်ကဲ့သို့ စိတ်ပူရသောကျောင်းသားသည် ဤကျောင်း ထိုကျောင်းတွင်သာမက ဤခေတ် ရှေးခေတ်များတွင်လည်း ရှိပါလေမည်လောဟု အောက်မေ့မိသည်။ ၁၉၅၆-ခုနှစ်တွင် ဖဆပလအစိုးရက ကျွန်ုပ်အား ထောင်သို့ပို့ရုံမျှမက ထောင်ထဲ၌ 'တိုက်ပိတ်' ခံရသည့်အခါ 'ငါ့မှာ လက်ငင်းအပြစ်မရှိသော်လည်း ငယ်စဉ်က စာကလေးမွေးခဲ့ဖူးသည့်အပြစ်ကြောင့် ဖြစ်တန်ရာသည်'ဟု စဉ်းစားမိဖူးရာ ထိုကျောင်းသားအကြောင်းကို ယခုသတိရသောအခါ 'ငါသည် ဘဝဘဝ၌ ချစ်တီးဖြစ်ခဲ့ဖူးလေသလော'ဟု တွေးတောမိပါတော့သည်။ ထိုကျောင်းသားသည် ဤစာရေးသောအချိန်တွင် အသက်ရှင်လျက်ပင်ရှိသေး၍ ၎င်းအား တစ်ခါတစ်ရံ တွေ့မြင်ရသောအခါများတွင် အာဃာတထားခြင်း မရှိသော်လည်း ငါ၏သဘာဝတွင် ဆူးကြီးတစ်ချောင်း ပေါက်လာအောင် ဖန်တီးသူကား သူပင်ဖြစ်တော့သည်ဟု သတိမရဘဲမနေနိုင်အောင် ရှိပါလေတော့သည်။

## မြိတ်ဆရာတော်

မြိတ်ဆရာတော်၏ကျောင်းမှာ ဒက္ခိဏဝံတိုက်တွင်သာမက မန္တလေးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများအနက်တွင် ကျောင်းသားအစည်ကားဆုံးသော ကျောင်းဖြစ်၍ ကျောင်းသားမိဘများသည်လည်း မန္တလေးတွင် ခေတ်မီဆုံးသောလူများဖြစ်သည်ဟုဆိုထိုက်ပေသည်။ တစ်နေ့သ၌ လက်ထောက်ဆရာတော်သည် ကျောင်းသားများအား ရေတွက်ခြင်းအလို့ငှာ တစ်ယောက်စီ တစ်၊ နှစ်၊ သုံး စသည်ဖြင့် ရွတ်ဆိုစေရာ နောက်ဆုံးကျောင်းသားက ၆၄ ဟု ဆိုလိုက်ခြင်းကို ကျွန်ုပ်မှတ်မိပါသေးသည်။ မှတ်မိပုံမှာ ထိုကျောင်းသားသည် သျှောင်ထုံးကလေးနှင့် ရှေ့သို့ကိုင်းကာ သူ့အလှည့်ရောက်အောင် စောင့်ကြည့်နေရာမှ သူ့အထက်ကလူက ၆၃ ဟုဆိုလိုက်သည်နှင့်တစ်ပြိုင်နက် သူက 'ခြောက် ခြောက် ခြောက်ဆယ့်လေး'ဟု ဆိုလိုက်ရာ တစ်ကျောင်းလုံးဝိုင်း၍ ရယ်လိုက်ကြ၏။ ကျွန်ုပ်လည်း အခြားကျောင်းသားများနှင့်အတူ ရယ်လိုက်မိသည်။ ထိုသူငယ်မှာ 'စကားထစ်' သူတစ်ယောက်ဖြစ်လေရာ ကျွန်ုပ်မှာလည်း ထိုနေ့မှစ၍ စကားထစ်လာတော့သည်ဟု မှတ်မိသည်။ အခြားကျောင်းသားများအားမကူးဘဲ ကျွန်ုပ်တစ်ယောက်တည်းကိုသာ ကူးရခြင်းမှာကား (ဟုတ်၊ မဟုတ် အပထား၍) ကျွန်ုပ်၏ထင်မြင်ချက်ကို သက်ဆိုင်ရာနေရာတွင် ဖော်ပြပါဦးမည်။

## ထူးခြားသောဆရာတော်

မြိတ်ကျောင်း ('ဘိတ်ကျောင်း' ခေါ်ကြသည်။) ၏ စည်ကားခြင်းအကြောင်းရင်းမှာ ဆရာတော် ဦးနန္ဒသည် မြိတ်နယ်သားဖြစ်၍ အင်္ဂလိပ်လက်အောက်သို့ အရင်ဆုံးကျရောက်ခဲ့သည့်နယ်ဖြစ်သည့်အလျောက် မန္တလေးမြို့တွင် ခေတ်မီဆုံးသောရဟန်းတစ်ပါးဖြစ်၏။ ခေတ်မီပုံကား ဘုန်းကြီးကျောင်းသားတိုင်းသည် ရဟန်းပြုကြမည်မဟုတ်ဘဲ လူအဖြစ်နှင့် ဝမ်းစာရှာမှီးကြရမည်ဖြစ်သောကြောင့် အနည်းဆုံး အတွက်အချက် (ဂဏန်းသင်္ချာ) တတ်ကြမှ ဖြစ်မည်ဆိုကာ 'ဘောဒေဝပုတ္တ'မျှလောက်နှင့်မပြီးစေဘဲ လက်ထောက်ဆရာများထားကာ လောကီပညာသင်ပြစေ၏။ အစိုးရကလည်း ခေတ်မီသောဘုန်းတော်ကြီးဟု နားလည်ကာ လက်ထောက်ဆရာများအတွက် လခပေး၏။ ဒုတိယအကြောင်းတစ်ရပ်မှာလည်း မြိတ်ဆရာတော်သည် ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ကျောင်းတွင် သီတင်းသုံးခဲ့စဉ်က သတိပဋ္ဌာန်နည်းအတိုင်း အားထုတ်ခဲ့၍ (အရိယာဖြစ်သည်ဟု မိဘများလည်း ယုံကြည်သည်။ ကျွန်ုပ်လည်း ဤနောက်ပိုင်းတွင် ယုံကြည်သည်။) မဂ်တရား ဖိုလ်တရားဟူသည်မှာ ရစကောင်းသောခေတ်ရှိသေးသည်ဟု ဟောပြောရုံမျှမက အားထုတ်လိုသူများအားလည်း နည်းလမ်းညွှန်ပြတော်မူသည်။ ထိုခေတ်တွင် (လယ်တီဆရာတော်လည်း မကျော်ကြားသေးသဖြင့်) နိဗ္ဗာန်မဂ်ဖိုလ်ဟူသည်မှာ ရနိုင်သောခေတ်မရှိတော့ပြီဟု မြန်မာပြည် ရဟန်းလောကတစ်ခုလုံးက ယူဆလျက်ရှိရာ 'လူ'ဆိုသည်မှာကား ရဟန်းများပြီးလျှင် ပြီးကြရသောခေတ်ဖြစ်၏။ ဤတွင် ဒက္ခိဏဝံတိုက်ရှိ ဂိုဏ်းချုပ်ဆရာတော်များသည် ဂဏန်းသင်္ချာသင်ပေး၍ ကျောင်းသားစည်ကားခြင်းကိုလည်း ကြည့်လိုဟန်မတူ၊ မဂ်ဖိုလ်ကိုရစကောင်းသည်ဆိုခြင်းအတွက်လည်း 'နားကလော' ဟန်တူလေရကား မြိတ်ဆရာတော်ကို 'ကြဉ်' ကြလေ၏။

## စာဖြူသင်ရတော့မည်

ဘုန်းကြီးကျောင်း၌ ကျွန်ုပ် ကိုးနှစ်သားအရွယ်တိုင်ရောက်လတ်သော် မော်လမြိုင်မြို့ ကော့ကရိတ်ရွာမှ ဘွဲ့တော် ဦးတိလောက ခေါ် ရဟန်းတစ်ပါးသည် မန္တလေးမြို့သို့ကြွရောက်လာရာ အင်္ဂလိပ်စာတတ်ဖြစ်၍ ကျောင်းသားများအား အင်္ဂလိပ်စာသင်ပေးလိုသည်ဆိုသောကြောင့် မြိတ်ဆရာတော်၏ကျောင်းနှင့် အံကျဖြစ်နေတော့သည်။ အခြားသောဘုန်းကြီးကျောင်းများမှာ ဂဏန်းသင်္ချာကိုမျှသင်ပေးဖို့ သဘောမတူဘဲရှိရာ အင်္ဂလိပ်စာ(စာဖြူ)မှုကား လက်ခံဖို့ဝေးသေး၏။ ဤတွင် ဦးတိလောကမှာ မြိတ်ဆရာတော်၏ကျောင်းတွင် သီတင်းသုံး၍ စုဆောင်းပြီးရရှိထားသော ကျောင်းသားသုံးလေးဆယ်တို့အား အင်္ဂလိပ်စာသင်ပြပေးလေရာ ကျွန်ုပ်မှာလည်း တစ်ယောက်အပါအဝင်ဖြစ်၏။ လက်ရှိ ကျောင်းသားပေါင်း ၆၀ ကျော်အနက် 'စာဖြူ' သင်တော့မည်ဆိုသဖြင့် အချို့လည်းနုတ်ထွက်၍ အချို့လည်းတိုးလာလေရာ နုတ်ထွက်သွားသည့် ကျောင်းသားများတွင် ကျွန်ုပ်၏ 'ချစ်တီး'လည်း ပါသွားပြီဖြစ်သောကြောင့် ကျွန်ုပ်အဖို့မှာ ဝန်ထုပ်ကြီးတစ်ခုကျခဲ့လေပြီ။

## ဈေးချိုတော် ပထမမီး

ထိုအချိန်တွင် ကျွန်ုပ်၏မိဘများသည် ဘုန်းကြီးကျောင်းနှင့် 'တစ်ပြ'ခန့်လောက်သာဝေးသော ရိုင်တန်းအရပ်မှ ၁၇ ပြဝေးသည့် ရန်နှင်တံခါးသို့ ပြောင်းရွှေ့ကြပြန်လေပြီ။ ထိုအရပ်သို့မပြောင်းရွှေ့မီ ရိုင်တန်းအရပ်၌ နေစဉ်က ကျွန်ုပ်အတွက် မှတ်လောက်သားလောက် သင်ခန်းစာကြီးတစ်ခုရစေသော အဖြစ်အပျက်တစ်ခုကိုဖော်ပြလို၏။ တစ်ညသ၌ ဈေးချိုတော်ကြီးကို ပထမအကြိမ်မီးလောင်လေရာ ကျွန်ုပ်၏နေအိမ်နှင့် ဈေးချိုတော်ကြီးမှာ ရွှေတချောင်းမျှသာခြားသည်ဖြစ်၍ ကျွန်ုပ်၏တစ်သက်တာတွင် မီးအကြီးအကျယ်လောင်ခြင်းကို ပထမအကြိမ် 'ဂရင်းစတင်း'မှ ကြည့်ရခြင်းဖြစ်သည်။ တစ်ညပတ်လုံးလောင်ခြင်းကို တစ်ညပတ်လုံးလိုပင် တစ်ရပ်လုံးထိုင်ကြည့်ကြ၏။ မီးသတ်စက်များ ဟုတ်တိပတ်တိမရှိသေးသည့်ခေတ်ဖြစ်၍ တစ်ပိုင်းတစ်စမျှ ငြိမ်းသတ်ထားသည့်နေရာများတွင် တစ်ခဏတာမျှသာ ငြိမ်း၍ တစ်အောင့်မျှကြာလျှင် တစ်ဖန်ထ၍ တောက်လောင်ပြန်လေသည်။ ပစ္စည်းမျိုးစုံလောင်ကျွမ်းခြင်းဖြစ်၍ ညှော်နံ့အမျိုးစုံနံကြရသည့်အပြင် ပေါက်ကွဲသံအမျိုးမျိုးလည်းကြားကြရ၏။ မီးတောက်များသည် တစ်နေရာ၌ တစ်ခါတစ်ရံငြိမ်းတော့မည်ကဲ့သို့ဖြစ်ပြီးမှ ဆီ၊ ရေနံဆီ စသောလောင်စာများသို့ ကူးစက်ရာတွင် မိုးထိုးသည့် မီးတောက်ကြီးများ ဟုန်းခနဲထ၍ တောက်လာပြန်၏။ သို့ဖြစ်ရာတွင် ငိုက်မျဉ်းစပြုသော မီးကြည့်ပရိသတ်ကြီးမှာ မျက်လုံးများပြူး၍ လာကြပြန်သည်။

## ငွေရှင်သောရက်ပိုင်း

မီးလောင်ပြီးသည့်နောက် ရက်သတ္တပတ်ကျော်မျှအတွင်း မီးလောင်ကွင်းကြီးသည် ကျွန်ုပ်တို့ကျောင်းသားအရွယ် သူငယ်များအဖို့ရာ၌ အင်ပို့လိုင်စင်ဌာနကြီးတစ်ခု ဖြစ်နေတော့၏။ ၁၉၅၀ ပြည့်နှစ်လောက်က ရန်ကုန်သို့ ကျွန်ုပ်ဆင်းသွားရာ နေ့ချင်းညချင်း သူဌေးဖြစ်သွားသည့် 'ဘိုင်ကုန်သည်' များအကြောင်းကို စီးပွားရေးသမားများအချင်းချင်းပြောကြခြင်းကို ကြားရသည့်အခါ ကျွန်ုပ်မှာ ငယ်စဉ်က ဈေးချိုတော်မီးလောင်ကွင်းကြီးကို ဘွားခနဲ သတိရမိသည်။ **ဆက်လက်ဖော်ပြပါမည်။**



# ပုသိမ်ခရိုင်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးကေနှစ်သိန်းကျော်ရိတ်သိမ်းပြီးစီး ဒေသဝမ်းစာဖူလုံပိုလျှံရေးနှင့် ဆန်စပါးဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပုသိမ် ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့်စပါးကေ နှစ်သိန်းကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ ဒေသဝမ်းစာ ဖူလုံပိုလျှံရေးနှင့် ဆန်စပါးဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စပါးလျာထားကေ ၅၀၇၈၂၆ ကေအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၁၄ ခုနှစ် အောက်တိုဘာလက စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ စပါး ၂၂၁၅၆၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပုသိမ်ခရိုင်၌ မိုးစပါး ၅၀၇၈၂၆ ကေကို အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းအဖွဲ့များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ မိုးစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုအန္တရာယ်ကာကွယ်နိုင်စေရန် စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ပုသိမ်ခရိုင်၌ စိုက်ပျိုးထွက်ရှိသည့် ဆန်၊ စပါးများသည် ဒေသဝမ်းစာဖူလုံပိုလျှံမှုရှိသကဲ့သို့ ရန်ကုန်ဆန်၊ စပါးဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုများရှိကြောင်း သိရသည်။ **သုတကျော်**

## ဟိုပုံးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဟိုပုံး ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၇ ရက်တွင် အဆိုပါကျောင်းရှိ ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်ပေးနိုင်ရန် ပညာရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများသည် ကလေးသူငယ်များ၏ ဘဝအခြေခံအုတ်မြစ်ကို တည်ဆောက်ပေးသည့် ဌာနဖြစ်ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် စေတနာရှင် အလှူရှင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးသော ဆရာ၊ ဆရာမများ၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်ရရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဆုရရှိသူများနှင့် အထိမ်းအမှတ်နေ့ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

## ပခုက္ကူမြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြော



ပခုက္ကူ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၆ ရက်က ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပခုက္ကူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦးက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမားများ ပေါ်ပေါက်လာရခြင်းအကြောင်းရင်းများ၊ ကလေးအလုပ်သမား အများဆုံးတွေ့မြင်ရသည့်အလုပ်ဌာနများနှင့် အလုပ်အကိုင်အမျိုးအစားများ၊ ကလေးအလုပ်သမားအခွင့်အရေးများနှင့် ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေသည့်ဆိုင်များနှင့်အလုပ်ဌာနများကို အရေးယူနိုင်သည့်ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ အကြောင်းတို့ကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အဆိုပါအခမ်းအနားသို့ ပခုက္ကူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပင်းတယမြို့နယ် ဝါတရာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ပင်းတယ ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပွေးလှကျေးရွာအုပ်စု ဝါတရာကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဝါတရာကျေးရွာ၌ အရှည် ၃ ဒသမ ၃၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် မြေသားလမ်းသဲဖြန်းခင်းခြင်းလုပ်ငန်းအမျိုးအစားဖြစ်ပြီး ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**




## ပွင့်ဖြူမြို့ မြို့မစည်ပင်သာယာရေးအဖွဲ့မှ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ ကြပ်မတ်စစ်ဆေး

ပွင့်ဖြူ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မြို့မစည်ပင်သာယာဈေး မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးအတွက် ဇန်နဝါရီလ ၆ ရက်က တာဝန်ရှိသူများ ကြပ်မတ်စစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့ မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းများအလိုက် မီးဘေးလုံခြုံစိတ်ချရမှုရှိ၊ မရှိ၊ ဈေးလုံခြုံမှု ရှိ၊ မရှိနှင့် တပ်ဆင်ထားရှိသော လျှပ်စစ်မီးကြိုးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး ဈေးသူ၊ ဈေးသားများအား ဈေးအတွင်း မီးလောင်စေနိုင်သော လောင်စာများ ထားသိုခြင်းမပြုကြရန် အသိပေးဆွေးနွေးပြောကြားသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ် ပွင့်လင်းရာသီရောက်တိုင်း စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးအပါအဝင် ကျေးလက်စည်ပင်သာယာဈေးလေးခုအား မီးဘေးအန္တရာယ်ကင်းဝေးစေရန် ဈေးတာဝန်ခံများနှင့် ဈေးကော်မတီများ ပူးပေါင်းအဖွဲ့ဖြင့် နေ့၊ ညမပျက် ဈေးမီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ ကြပ်မတ်စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး လျှပ်စစ်မီးများ စနစ်တကျကိုင်တွယ်အသုံးပြုရန် အသိပညာပေးဆွေးနွေးဟောပြောခြင်း၊ မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်း၊ သန့်ရှင်းသပ်ရပ်စွာ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရန် ဈေးသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ဘားအံမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး



**ဘားအံ ဇန်နဝါရီ ၇**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းသီးနှံစိုက်ခင်းများကို ယနေ့တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုကြောင်းသိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ထန်းတပင်ကျေးရွာ ကွင်းအမှတ် ၁၂၀၇-က ထန်းတပင်ကွင်းရှိ ဆောင်းသီးနှံ မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ်နှင့် ပဲအမျိုးမျိုး တစ်ကွင်းတစ်ဆက်တည်း ၄၁၈ ဧက စိုက်ပျိုးဖြစ်ထွန်းနေမှု၊ ရေကြီးနစ်မြုပ်ပြီး မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိသည့် စိုက်ဧကများ၌ ဆောင်းသီးနှံများအစားထိုးပြန်လည်စိုက်ပျိုးဖြစ်ထွန်းနေမှု၊ ကွင်းအမှတ် ၁၂၀၇ ဝါဆူးကွင်းရှိ ဆောင်းသီးနှံ မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ်နှင့် ပဲအမျိုးမျိုး တစ်ကွင်းတစ်ဆက်တည်း ၄၈၁ ဧက စိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် ရေကြီးနစ်မြုပ်ပြီး မိုးစပါးပြန်လည် စိုက်ပျိုးနိုင်ခြင်းမရှိသည့် စိုက်ဧကများ၌ ဆောင်းသီးနှံများ အစားထိုးပြန်လည် စိုက်ပျိုးဖြစ်ထွန်းနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးစဉ် ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းမြေပဲ ၃၁၆၁၈ ဧကစိုက်ပျိုးပြီးစီးမှု၊ ပဲတီစိမ်း ၁၈၅၄၆ ဧက စိုက်ပျိုးပြီးစီးမှု၊ ပဲပုပ်ဧက ၁၂၆၀၀ စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တစ်ဧကပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး တောင်သူစည်းရုံး ပညာပေးဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ကော့ဒါန်းမယ်ရွာ အဝင်လမ်းပေါ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုဖြည့်စွက်ခွင့်ပြုရန်ပုံငွေကျပ် ၆၉ သန်းဖြင့် တာဝန်ယူတည်ဆောက်မည့် အရှည်ပေ ၃၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၈ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ဒါန်းမယ်ကျေးရွာ ရွာတွင်းလမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်စီ၌ အုတ်စီရေမြောင်းပလက်ဖောင်းအဖုံးပါလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် လှိုင်ရွာ-ကော့သပုတ်-ကော့ဒါန်းမယ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကဆောင်ရွက်သော Box Culvert နှစ်စင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှသတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှသတ်မှတ်ထားသည့်နေ့ရက်အတိုင်းသတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဘိုကလေးပန်းခြံကို ပြည်သူများ သန့်ရှင်းသပ်ရပ်စွာ အပန်းဖြေနိုင်ရေးဆောင်ရွက်ထား

**ဘိုကလေး ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိလွတ်လပ်ရေးပန်းခြံကို ပြည်သူများ သန့်ရှင်းသပ်ရပ်စွာ အပန်းဖြေအနားယူနိုင်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ဆောင်ရွက်ထားကြောင်းသိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ပတ်ဝန်းကျင်မှ ပေါင်းပင်များကိုရိတ်သိမ်းခြင်း၊ လွတ်လပ်ရေးကျောက်တိုင်ကို ဆေးသုတ်ခြင်း၊ ဆင်ရုပ်နှင့်ရေကန်အနီးမှ ချုံနွယ်များရှင်းလင်းခြင်း၊ ဆင်ရုပ်တုများ ဆေးသုတ်ခြင်း၊ ဘိုကလေးသရုပ်ဖော်စာလုံးများ၏ ပတ်ဝန်းကျင်တို့အား သန့်ရှင်းဆောင်ရွက်ခြင်း၊ ပန်းခြံဝင်းအတွင်းမှ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များရှင်းလင်း၍ ပြည်သူများ စိတ်အေးချမ်းသာစွာအပန်းဖြေနိုင်ရေးနှင့် မြို့အင်္ဂါရပ်ဖြင့် ညီညွတ်စေရေးတို့အတွက် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၈-၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News

၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ

၅။ ၁၅:၃၅ Happy Zone

၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

# ကျွန်းစုမြို့နယ်၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**မြိတ် ဇန်နဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထက်ကျေးရွာရှိ ပထက်အခြေခံပညာအထက်တန်းကျောင်း၌ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျွန်းရွှေဝါခန်းမတွင် ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆုချီးမြှင့်ပွဲသို့ တက်ရောက်ခဲ့ကြသည်။

ကျွန်းစုမြို့နယ်၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၁၂၀၀ ကျော် ပါဝင်နွှဲပျော်ခဲ့ကြသည်။ ဆုချီးမြှင့်ပွဲတွင် ပထက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"၊ "ယဉ်ကျေးမှုအမွေ ပုဂံမြေ" တေးသီချင်းတို့ဖြင့် သရုပ်ဖော်ဖျော်ဖြေခဲ့ကြသည်။

ထို့နောက်ဝန်ကြီးချုပ်ဦးမြတ်ကိုက အမှာစကားပြောကြားသည်၊ ဆက်လက်၍လူငယ်စာပေဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများ၊ စာပေစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အထက်တန်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းနှင့်မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့၌ ဆုရရှိခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများကို ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် အလှူခံရရှိသော စာအုပ်များကို တာဝန်ရှိသူများမှ ပေးအပ်လှူဒါန်းခဲ့ကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် စာကြည့်တိုက်တာဝန်ခံတို့က လက်ခံရယူခဲ့ကြပြီး ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမဆုရရှိကြသူတို့က ပြန်လည်၍ သရုပ်ပြခဲ့ကြ၍ ပထက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက နန်းတော်ရှေ့ဆရာတင် ရေးသားသော မြန်မာ့ရိုးရာအားကစားဖော်ကျူးသည့် "ပုတ်တလုတ်ကန်"သီချင်းနှင့် "လှမ်းလာခဲ့ပါ ရွှေမြိတ်ဆီသို့" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များသည် အနာဂတ်နိုင်ငံတော်၏ တာဝန်ကိုထမ်းဆောင်ကြမည့် မျိုးဆက်သစ်နိုင်ငံ့သားကောင်းများဖြစ်ကြ၍ အရည်အချင်းရှိပြီး အသိပညာအတတ်ပညာပြည့်ဝကာ အနာဂတ်နိုင်ငံ့တာဝန်ကိုထမ်းဆောင်ကြမည့် လူငယ်မောင်မယ်များဖြစ်ကြသဖြင့် အသိပညာဗဟုသုတကြွယ်ဝစေရန် စာပေနှင့်ရင်းနှီးပြီး ဖတ်ရှုလေ့လာနိုင်စေရန်အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ အခြေခံပညာကျောင်း ၁၇ ကျောင်းတွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပွဲတော်ကို ကျင်းပပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# နနွင်း(ဆနွင်း)မှပေးသောကျန်းမာရေးကောင်းကျိုးများ

ဒေါက်တာလပြည့်ခင်

နနွင်း(ဆနွင်း)သည် မြန်မာလူမျိုးများ၏မီးဖိုချောင်တွင် အမြဲရှိသည့်ပစ္စည်းများထဲမှတစ်ခုဖြစ်ပြီး နေ့စဉ်ဟင်းချက်ရာတွင် အသုံးပြုသည်။ ဟင်းခတ်အမွှေးအကြိုင်အဖြစ် ထည့်သုံးလေ့ရှိသည့် သဘာဝ၏လက်ဆောင်တစ်ခုဖြစ်သော နနွင်း၏ အသုံးဝင်ပုံအမျိုးမျိုးနှင့် ကျန်းမာရေးအကျိုးကျေးဇူးအမျိုးမျိုးကို ဆက်လက်ဖော်ပြလိုပါသည်။ နနွင်းကို အမှုန့်အတိုင်းသုံးစွဲကြသည့်အပြင် အပေါ်ခွံပါဝင်သည့် ဆေးတောင့်၊ ဆေးမှုန့်၊ ဆေးရည်ပုံစံများဖြင့်လည်းရရှိနိုင်သည်။

## နနွင်းမှပေးသော ကျန်းမာရေးကောင်းကျိုးများ

ကျန်းမာရေးကောင်းကျိုးများစွာ ပေးစွမ်းနိုင်သည့် နနွင်းသည် ခေါင်းကိုက်ခြင်း၊ လေပွန်ရောင်ခြင်း၊ အအေးမိဝေဒနာ၊ အဆုတ်အတွင်းပိုးဝင်ခြင်း၊ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲခြင်း၊ အနာကြီးရောဂါ၊ ဖျားနာခြင်း၊ ဓမ္မတာလာစဉ်ဖြစ်တတ်သည့်ဝေဒနာများ၊ အရေပြားယားယံခြင်း၊ ကင်ဆာရောဂါများ၊ စိတ်ကျဝေဒနာ၊ အယ်လ်ဇိုင်းမားခေါ် မှတ်ဉာဏ်ချို့ယွင်းသည့်ရောဂါ၊ မျက်စိအလယ်လွှာရောင်ရမ်းခြင်း၊ သွေးချိုဆီးချိုရောဂါ၊ ခန္ဓာကိုယ်တွင်းရေဆွဲခြင်း၊ သန်ထခြင်း၊ Systemic Lupus Erythematosus (SLE) အမည်ရှိ ကိုယ်ခံအားတုံ့ပြန်မှုဆိုင်ရာရောဂါတစ်မျိုး၊ တီဘီရောဂါ၊ ဆီးအိတ်ရောင်ခြင်းနှင့် ကျောက်ကပ်ရောဂါများအတွက်လည်း နနွင်းကိုအသုံးပြုနိုင်သည်။ အဖျားရောဂါ၊ ငန်းရောဂါ၊ ဝမ်းရောဂါ၊ ရောင်ရမ်းနာကျင်ကိုက်ခဲသောရောဂါ၊ ဆီးအောင့်၊ ဆီးကျောက်တည်ရောဂါ၊ အစာအိမ်ရောဂါ၊ မီးဖွားပြီးနောက် သွေးပုပ်ကျန်သောရောဂါနှင့် မှိုင်းရှူဆေး၊ နှာမှုတ်ဆေးများဖော်စပ်ရာတွင်လည်း ထည့်သွင်းအသုံးပြုနိုင်သည်။

## ကိုယ်ဝန်ဆောင်မိခင်များအတွက် အဖိုးတန်နနွင်း

အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်တစ်နေ့တခြား အသားအရေ ပူနွေးလာသော်လည်း အသားအရေအေးနေခြင်း၊ သွေးလေးနေခြင်းတို့ဖြစ်ခဲ့လျှင် နနွင်းကို ရေအေးနှင့်ဖျော်ပြီး တစ်ကိုယ်လုံး လိမ်းကျံပေးခြင်းဖြင့် သက်သာစေနိုင်သည်။ အမျိုးသမီးများ ခေါင်းကိုက်ခြင်း၊ ဇက်ထိုးခြင်း၊ မီးယပ်ခေါင်းကိုက်ရောဂါစွဲခြင်းဖြစ်ခဲ့လျှင် နနွင်းမှုန့်ကို မီးကျီးခဲပေါ်တွင်ဖြူး၍ မှိုင်းရှူပေးခြင်းဖြင့် သက်သာစေနိုင်သည်။ ကိုယ်ဝန်ဆောင်စဉ် မကြာခဏဖျားတတ်သော အမျိုးသမီးများသည် အဖျားပျောက်ဆေးများကို မှီဝဲသည့်အပြင် နနွင်းကိုလည်း သောက်ပေးသင့်သည်။ မီးဖွားပြီးနောက် အောင်းနေသောသွေးများ မဆင်းဘဲ အပုပ်ဆောင်ရာမှ ခန္ဓာကိုယ်ဖောရောင်ခြင်းဖြစ်လျှင် နနွင်းကို ဆေးအဖြစ်သောက်ခြင်း၊ လိမ်းခြင်း၊ နနွင်းပြုတ်ရည်ဖြင့် ရေချိုးခြင်းပြုလုပ်ပေးပါက သက်သာစေနိုင်သည်။ မီးဖွားပြီးနောက် သားမြတ်ရောင်ခြင်း၊ သားမြတ်ကိုက်ခြင်း၊ နို့ကြောင်းပိတ်ခြင်းဖြစ်လျှင် နနွင်းမှုန့်ကိုသောက်ပြီး နနွင်းလိမ်းကျံပေးခြင်း၊ နနွင်းမှုန့်ကိုအထုပ်ပြုလုပ်၍ ရေနွေးငွေ့ခံပြီး ကျပ်ထုပ်ထိုးပေးခြင်းတို့ ပြုလုပ်နိုင်သည်။

## သွားနာသွားကိုက်နှင့်အဖျားတက်မှု သက်သာစေသောနနွင်း

သွားနာ၊ သွားကိုက်၊ သွားဖုံးရောင်ခြင်းဖြစ်လျှင် နနွင်းမှုန့်ကို ရေနွေးနှင့်ဖျော်၍ ဆားအနည်းငယ်ထည့်ပြီး ငုံပေးလျှင် သက်သာစေနိုင်သည်။ အပူဝမ်းပျက်၊ ဝမ်းလျှောဖြစ်လျှင် နနွင်းမှုန့်၊ ကွမ်းစားထုံးအနည်းငယ်နှင့် ထန်းလျက်တို့ကိုရော၍ ပြုတ်ပြီး ပူပူနွေးနွေးသောက်ပေးလျှင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါသက်သာပျောက်ကင်းစေနိုင်သည်။ အဖျားတက်ခြင်း၊ ချွေးငုပ်ပြီး ငန်းဖမ်းခြင်းများဖြစ်လျှင် နနွင်းကို မီးဖိုချောင်မှကျပ်ခိုးနှင့် ဆားအနည်းငယ်ရော၍လှော်ပြီး ကွမ်းရွက်ပြုတ်ရည်နှင့် သောက်ပါက ချွေးထွက်ပြီး အဖျားကျစေနိုင်သည်။ ခန္ဓာကိုယ်တွင် နာကျင်ကိုက်ခဲသောအကျိတ်ထွက်ခြင်း၊ ထိခိုက်မိ၍ ဖူးရောင်ခြင်းများဖြစ်ပါက နနွင်းကို ထုံးနှင့်ရောစပ်၍ ရေဖျော်ပြီး လိမ်းပေးလျှင် သက်သာပျောက်ကင်းစေနိုင်သည်။ ရုတ်တရက်ထိခိုက်ပွန်းရှပြီး သွေးမတိတ်လျှင် နနွင်းမှုန့်သိပ်ပေးခြင်းဖြင့် သွေးတိတ်စေနိုင်သည်။

## အနံ့အသက်ဆိုးများ ပျောက်စေနိုင်သောနနွင်း

ခန္ဓာကိုယ်အနံ့ဆိုးခြင်း၊ ချွေးထွက်လျှင် အနံ့အသက်မကောင်းခြင်း၊ ချိုင်းချွေးနံ့နံခြင်းတို့ဖြစ်ပါက နနွင်းမှုန့်ကို လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့် နံနက်နှင့်ည နေ့စဉ်သောက်သုံးပေးပါက ပျောက်ကင်းစေနိုင်သည်။ ကုန်ထုတ်လုပ်ငန်းများတွင် နနွင်းမှရသည့်အဆီကို ရေမွှေးပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြသည်။

## အသားအရေကိုလှပစေသောနနွင်း

အရောင်လှပြီး အနံ့မွှေးသည့် နနွင်းမှုန့်က ကျန်းမာရေးအတွက်ကောင်းကျိုးပြုနိုင်သည့်အပြင် အသားအရေကိုလည်း လှပစေရန် အထောက်အကူပြုသည်။ နနွင်းသည် အရောင်ကျစေနိုင်သကဲ့သို့ ဗက်တီးရီးယားများကိုလည်း အထိရောက်ဆုံး တိုက်ဖျက်ပေးနိုင်သည်။ နနွင်းသည် အရေပြားတွင်ဖြစ်သည့် နီမြန်းရောင်ရမ်းမှုကို သိသာစွာသက်သာစေနိုင်ပြီး ဝဲ၊ နှင်းခူကဲ့သို့ အရေပြားပြဿနာကြောင့် အသားအရေထိခိုက်မှုများကိုလည်း အထိရောက်ဆုံးသက်သာစေနိုင်သည်။ လူအတော်များများတွေ့ကြုံရသော အရေပြားပြဿနာတစ်ခုဖြစ်သည့် ဝက်ခြံထွက်ခြင်းသက်သာစေရန် ဝက်ခြံဖြစ်စေသော ဗက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်သည့် သဘာဝပိုးသတ်ဆေးအဖြစ် နနွင်းကိုအသုံးပြုနိုင်သည်။ ဝက်ခြံသက်သာစေရန် နနွင်းစစ်စစ်ကို အရည်ဖျော်၍ ဝက်ခြံပေါ်တွင်တို့လိမ်းရုံဖြင့် သက်သာစေနိုင်သည်။ ဝက်ခြံသက်သာသွားသော်လည်း မျက်နှာတွင် ဝက်ခြံအမာရွတ်များ ကျန်နေခဲ့လျှင် နနွင်းအစစ်ကိုသုံး၍ ပေါင်းတင်ခြင်းဖြင့် ကြည်လင်သောမျက်နှာကိုပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နနွင်းက အမာရွတ်များကို ပါးစေနိုင်သကဲ့သို့ ဝက်ခြံကြောင့်ဖြစ်သည့် အမာရွတ်များကိုလည်း သိသာစွာ သက်သာစေနိုင်သည်။

## အမည်းစက်များကို သက်သာစေသောနနွင်း

နနွင်းက အရောင်ကျစေနိုင်သကဲ့သို့ အမည်းစက်များကို သက်သာစေနိုင်သည့် အာနိသင်လည်းရှိသည်။ အသားအရေအတွက် နနွင်းကို ပုံမှန်အသုံးပြုပေးမည်ဆိုပါက အရေပြားပေါ်ရှိ အမည်းစက်များကို သိသာစွာသက်သာစေနိုင်သည်။ ထို့ပြင် မျက်ကွင်းညိုခြင်းနှင့် မျက်အိတ်တွဲခြင်းတို့ကို သက်သာစေရန် နနွင်းကိုအသုံးပြုနိုင်သည်။ နေလောင်ခြင်းကြောင့် အသားအရေထိခိုက်ပျက်စီးမှု သက်သာစေရန်အတွက်လည်း နနွင်းကို အသုံးပြုနိုင်သည်။ နနွင်းသည် နေလောင်ခြင်းကို သက်သာစေနိုင်သကဲ့သို့ နေလောင်ခြင်းကြောင့် အရေပြားတွင် အမည်းစက်များဖြစ်ခြင်း၊ အသားအရောင်မညီခြင်းများကိုလည်း သက်သာစေနိုင်သည်။ နေရောင်ကြောင့် အရေးအကြောင်းဖြစ်ခြင်းကို သိသိသာသာသက်သာစေနိုင်သည်။

## အကြောပြတ်ရာများကို သက်သာစေသောနနွင်း

နနွင်းက ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝပြီး အရေပြားဆဲလ်များကို လုပ်ဆောင်မှုကောင်းစေရန် အကောင်းဆုံးထောက်ပံ့ပေးသည်။ အရေပြားပေါ်တွင်ဖြစ်သည့် အကြောပြတ်ရာများ သက်သာစေရန် နနွင်းလက်ဖက်ရည်ဇွန်းတစ်ဇွန်းကို သံလွင်ဆီလက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့်ရောပြီး သံပရာရည်အနည်းငယ်ညှစ်၍ အကြောပြတ်သည့်နေရာတွင် တစ်နေ့နှစ်ကြိမ်လိမ်းပေးနိုင်သည်။ နနွင်းက အသားအရေအတွင်းပိုင်းအထိ ရေဓာတ်ဖြည့်ပေးနိုင်သောကြောင့် အသားအရေခြောက်သွေ့လျှင် နနွင်းကို အရေပြားပေါ်တွင် လိမ်းပေးရုံဖြင့် အပေါ်ယံအရေပြားလွှာမှ ဆဲလ်သေများကို အထိရောက်ဆုံးဖယ်ရှားပေးပြီး အသားအရေကို နူးညံ့စေနိုင်၍ အရေပြားထိခိုက်ပျက်စီးမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။

## အနာကျက်စေနိုင်သောနနွင်း

နနွင်းတွင်ပါဝင်သည့် Curcumin က အနာကျက်စေနိုင်သကဲ့သို့ ဓာတ်တိုးပစ္စည်းများကြောင့် အသားအရေထိခိုက်ခြင်းမဖြစ်အောင် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ပြတ်ရှဒဏ်ရာများ သက်သာစေရန် အသုံးပြုနိုင်သည်။ လေ့လာမှုများအရ နနွင်းက အရေပြားတစ်သျှူးများကို ကျန်းမာစေနိုင်သကဲ့သို့ ကော်လာဂျင်ထွက်ရှိစေရန် လှုံ့ဆော်ပေးသည်။ နနွင်းသည် အရေပြားတွင်ဖြစ်သည့် မီးလောင်ခြင်းနှင့် ဆီပူလောင်ခြင်းမှလွဲ၍ ပြတ်ရှခြင်းနှင့် ထိခိုက်မိခြင်းတို့ကိုသက်သာစေသည်။



## နနွင်း၏ဘေးထွက်ဆိုးကျိုးများ

နနွင်းသည် ဘေးထွက်ဆိုးကျိုးနည်းသော်လည်း တချို့လူများတွင် အစာအိမ်ထိခိုက်ခြင်း၊ ပျို့ခြင်း၊ မူးဝေခြင်း၊ ဝမ်းပျက်ခြင်းလက္ခဏာများရှိလာနိုင်ပြီး အဆိုပါဘေးထွက်ဆိုးကျိုးများကိုခံစားရမှုမှာ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားမှုရှိနိုင်ပြီး ယင်းတို့တွင်မပါဝင်သော တခြားဘေးထွက်ဆိုးကျိုးများလည်းရှိနိုင်သည်။ ဘေးထွက်ဆိုးကျိုးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိပါက ဆရာဝန်သို့မဟုတ် ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးသင့်သည်။

နနွင်းသည် လက်ရှိသောက်သုံးနေသည့် ဆေးဝါးများ၊ မူလကျန်းမာရေးအခြေအနေများနှင့် သက်ရောက်ဓာတ်ပြုမှုများရှိနိုင်သောကြောင့် အသုံးမပြုမီ ဆရာဝန်သို့မဟုတ် ဆေးပညာရှင်နှင့် ဆွေးနွေးတိုင်ပင်ရန်အရေးကြီးသည်။ နနွင်းနှင့်သက်ရောက်ဓာတ်ပြုနိုင်ပြီး သွေးခဲမှုကို နှေးကွေးစေသည့်ဆေးဝါးများဖြစ်သော Aspirin၊ Clopidogrel (Plavix)၊ Diclofenac (Voltaren၊ Cataflam)၊ Ibuprofen (Advil၊ Motrin)၊ Naproxen (Anaprox၊ Naprosyn)၊ Dalteparin (Fragmin)၊ Enoxaparin (Love-nox)၊ Heparin၊ Warfarin (Coumadin) စသည့်ဆေးဝါးများ၊ အလားတူ အစွမ်းသတ္တိရှိသောဆေးဝါးများနှင့် တွဲဖက်အသုံးပြုမည်ဆိုပါက အလွယ်တကူအညိုအမည်းစွဲနိုင်ခြေနှင့် သွေးယိုနိုင်ခြေမြင့်မားနိုင်သည်။

## နနွင်းမစားသင့်သောသူများ

ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးနို့တိုက်နေချိန်များတွင် နနွင်းကို အစားအသောက်များတွင် ပါဝင်နေကျပမာဏအတိုင်း စိတ်ချစွာစားသုံးနိုင်သော်လည်း နနွင်းသည် ဓမ္မတာလာခြင်းကိုအားပေးပြီး သားအိမ်ကိုလှုံ့ဆော်ပေးသောကြောင့် ကိုယ်ဝန်ထိခိုက်နိုင်ခြေရှိသည့်အတွက် ကိုယ်ဝန်ဆောင်စဉ်ကာလတစ်လျှောက်တွင် သောက်ဆေးအဖြစ် အသုံးမပြုသင့်ပေ။ နနွင်းသည် သည်းခြေပြဿနာများကို ပိုဆိုးစေနိုင်သည့်အတွက် သည်းခြေကျောက်တည်နေသူများ၊ သည်းခြေပြွန်ပိတ်ဆို့နေသူများ နနွင်းအသုံးမပြုသင့်ပေ။ နနွင်းသည် သွေးခဲနှုန်းကို နှေးကွေးစေသည့်အတွက် သွေးမတိတ်ရောဂါရှိသူများ အလွယ်တကူအညိုအမည်းစွဲနိုင်ခြေနှင့် သွေးယိုနိုင်ခြေမြင့်စေသည်။

နနွင်းတွင်ပါဝင်သည့် Curcumin ဓာတ်သည် သွေးချိုဆီးချိုဝေဒနာရှင်များတွင် သွေးတွင်းသကြားဓာတ်ပမာဏကို အန္တရာယ်ရှိလောက်သည့်အနေအထားအထိ ကျဆင်းစေနိုင်သည့်အတွက် သတိနှင့်ယှဉ်ပြီး အသုံးပြုသင့်သည်။ နနွင်းသည် တချို့လူများ၏အစာအိမ်ကို ထိခိုက်စေနိုင်ပြီး GERD ကဲ့သို့ အစာအိမ်ပြဿနာများကို ပိုမိုဆိုးရွားစေနိုင်သည်။ နနွင်းတွင်ပါဝင်သည့် Curcumin အမည်ရှိ ဓာတုပစ္စည်းသည် အီစထရိုဂျင်ဟော်မုန်းနှင့် အလားသဏ္ဌာန်တူသည့် အာနိသင်ရှိသည်။ သီအိုရီအရ နနွင်းသည် ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ သားဥအိမ်ကင်ဆာ၊ သားအိမ်တစ်သျှူး နေရာလွဲမှားခြင်း၊ သားအိမ်အလုံးတည်ခြင်း စသည့် ဟော်မုန်းနှင့်သက်ဆိုင်သောရောဂါများကို အခြေအနေပိုဆိုးစေနိုင်သည်။ သို့ရာတွင် တချို့သုတေသနများတွင် နနွင်းသည် တချို့သောကင်ဆာဆဲလ်များအပေါ် အီစထရိုဂျင်၏သက်ရောက်မှုကို လျှော့နည်းစေသည်ဟု ဖော်ပြထားသည်။ ထိုအချက်ကိုမူတည်ပြီး စဉ်းစားမည်ဆိုပါက နနွင်းသည် အထက်တွင်ဖော်ပြခဲ့သည့် ရောဂါများအပေါ် ကောင်းကျိုးသက်ရောက်မှုရှိနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ဟော်မုန်းနှင့်သက်ဆိုင်သည့် ရောဂါတစ်ခုခုခံစားနေရမည်ဆိုလျှင် နနွင်းကို သတိနှင့်ယှဉ်ပြီး အသုံးပြုသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# အာနန္ဒာဘုရားကြီး၏ (၉၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်



ညောင်ဦး ဇန်နဝါရီ ၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ (၉၃၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီလ ၉ ရက် နံနက်ပိုင်းမှစတင်၍ ဘုရားကြီးတောင်ဘက်မုခ်၌ သံဃာတော်အရှင်သူမြတ်များက အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းဖြင့် စတင်မည်ဖြစ်ကြောင်း အာနန္ဒာဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းချိုကပြောသည်။

အာနန္ဒာဘုရားကြီး၏ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဆယ့်နှစ်ပွဲဈေးသည်များ စုံလင်စွာ လာရောက်ရောင်းချခြင်း၊ ဒေသခံဈေးသည်များက ဒေသထွက်ယွန်းထည်ပစ္စည်းများ ရောင်းချခြင်းတို့ကြောင့် ဈေးရောင်းဈေးဝယ် အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်ပြီး ယခုနှစ်တွင် သရုပ်ပြ အလှုခံတော်ခြင်းပွဲအပါအဝင် ရိုးရာခြင်းပွဲများကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အာနန္ဒာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီလ ၉ ရက်မှ ၁၄ ရက်အထိ သံဃာတော်အရှင်သူမြတ်များက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းခံဖွယ်ဘောဇဉ်များဆက်ကပ်လှူဒါန်းခြင်းနှင့် ပြာသိုလပြည့်နေ့ နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းသပိတ်လုံး၊ ငွေပဒေသာပင်များလှူဒါန်းခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဒီပါလင်း**

# ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ရပ်စောက် ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာအုပ်စု ကျောက်တော ခေတ်မီစံပြကျေးရွာ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းစန္ဒာ၊ ရပ်စောက်မြို့နယ်ဦးစီးမှူး ဦးရေးရယ်နှင့် တာဝန်ရှိသူများက ကျောက်တောခေတ်မီစံပြကျေးရွာ၌ အရှည် ၃ မိုင်ရှိ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရွာတွင်းရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာရှိရပ်မိရပ်ဖများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် အလေးထားဆောင်ရွက်ကြရန်နှင့် ကဏ္ဍကြီး(၆)ရပ်ဖြင့် စံပြကျေးရွာအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းပြီး ကျေးရွာမှ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေကျပ် ၁၃၇ ဒသမ ၆၁ သန်းဖြင့် ခိုင်ပဒေသာထွန်းကုမ္ပဏီမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**

# နတ်မောက်မြို့နယ်အတွင်း ဆောင်းသီးနှံကြက်သွန်နီများစတင်စိုက်ပျိုး

နတ်မောက် ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ ယခုအခါ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသများရှိ တောင်သူများသည် ယာမြေများ၌ ကြက်သွန်နီစိုက်ပျိုးမည်ဆိုပါက မြေမပြင်မီ နွားချေး၊ ဆိတ်ချေး၊ အမှိုက်ဆွေးများချထားပြီး မြေပြုပြင်ရကြောင်း၊ ထယ်ရေးအကြိမ်ကြိမ်ပြုပြင်ပြီးပါက ရေအစိုဓာတ်ကောင်းစေရန် မြေအောက်ရေပေးသွင်း၍ ကြက်သွန်နီစိုက်ပျိုးရန် ပေါင်များပြုလုပ်ရကြောင်း၊ ပေါင်ပြုလုပ်ပြီးပါက ပျိုးပင်တစ်ပင်နှင့်တစ်ပင် တန်းကြားပင်ကြား သုံးလက်မကွာထား၍ စိုက်ပျိုးရကြောင်း၊ စိုက်ပြီးပထမရက်တွင် တစ်ကြိမ်ပေးသွင်းရကြောင်း၊ ၄၅ ရက်သားရှိပါက ပေါင်းမြက်များရှင်းလင်းရကြောင်း၊ အရွက်များ ပြာမှိုင်း၍ နွမ်းခွေလာလျှင် ရေထပ်မံပေးသွင်းရကြောင်း အင်းကုန်ကျေးရွာမှ စိုက်ပျိုးသူ ကိုစိုးဦးကပြောသည်။



နတ်မောက်မြို့နယ်၌ ကြက်သွန်နီများကို အင်းကုန်း၊ န/လက္ခပွင့်၊ ကြူအိုင်၊ ပ/ကျားထူး၊ နဘူးကွဲ၊ ရွာမွန်ဘုန်းတော်ပြည်နှင့် အိုးဘိုကျေးရွာတို့၌ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **မုမုစန်း**

# လပြည့်ညလေးပိုလှမည်

❍ ချစ်သူငယ်ချင်း၊ ညီနောင်ရင်းတို့
မင်းတို့ဒေသ၊ ဘယ်လောက်လှလှည်း
မုန်းစတစ်မှု၊ အလံထူက
ပန်သူတို့ဆိုင်း၊ တောင်တံတိုင်း၌
ပန်းရိုင်းပင်တို့ ပွင့်လိမ့်မည်။

❍ ချစ်သူငယ်ချင်း၊ ညီနောင်ရင်းတို့
မင်းတို့မြို့ပြ၊ နတ်ဘုံမျှလည်း
မုန်းစတစ်မှု၊ အလံထူက
ဘယ်သူမရောက်၊ လမ်းစပျောက်၍
ပန်းခြောက်တွေနှင့်ပြည့်လိမ့်မည်။

❍ ချစ်သူငယ်ချင်း၊ ညီနောင်ရင်းတို့
မင်းတို့အလှ၊ လပြည့်ညလည်း
မုန်းစတစ်မှု၊ အလံထူက
ဘယ်သူမသိ၊ မော်မကြည့်၍
လပြည့်ညလေးပျက်လိမ့်မည်။

❍ ဩော်...
ချစ်သူငယ်ချင်း၊ ညီနောင်ရင်းတို့
မင်းတို့ဒေသ၊ ပန်းတိုင်းလှ၍
မြို့ပြနတ်ဘုံ၊ ပမာပုံကို
ရင်ခုန်အလှ၊ မိုးတိမ်ဝမှ
ချစ်စတစ်မှု၊ အလံထူကာ
ခံယူအသိ၊ ပြိုင်တူရှိသော်
လပြည့်ညလေးပိုလှမည်။ ။

**မောင်ရေမွှေး(ပေလေးပင်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သီချင်း |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် |
| ၆။ | ၁၂:၀၀ | ပန်းတို့၏အလှတရား |
| ၇။ | ၁၃:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈။ | ၁၄:၀၀ | Sharing Knowledge |
| ၉။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှ စာစုများ |
| ၁၀။ | ၁၆:၀၀ | Sport Review |
| ၁၁။ | ၁၇:၀၀ | မွေးမြူသုတ |
| ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၄။ | ၁၉:၂၀ | **ရုပ်မြင်သံကြားဇာတ်လမ်း အတွေ့လေးရယ်မှအိုအကြွေ (ဒုတိယပိုင်း) သရုပ်ဆောင် ကျော်ဟိန်း၊ မျိုးသန္တာထွန်း ဒါရိုက်တာ မောင်ဝဏ္ဏ** |

# မီးသတ်ဆေးဘူးမပါသည့် YBS ယာဉ်များကို အရေးယူဆောင်ရွက်မည်




ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့၌ ပြေးဆွဲနေသည့် အများပြည်သူသုံး ခရီးသည်တင် YBS ယာဉ်များတွင် မီးသတ်ဆေးဘူးများဆောင်ထားကြရန် နှိုးဆော်ထားပြီး မီးသတ်ဆေးဘူးမပါသည့် YBS ယာဉ်များကို အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC) မှ သိရသည်။

ပူပြင်းသောရာသီဥတုတွင် မော်တော်ယာဉ်များ၏ အင်ဂျင်ခန်းအပူချိန်နှင့် ရာသီဥတုအပူချိန်မြင့်မားမှုများက မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွားခြင်းကို အားပေးရာရောက်သောကြောင့် အရေးကြုံလာပါက အလွယ်တကူအသုံးပြုနိုင်ရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရန်အတွက် ယခုကဲ့သို့ YBS ယာဉ်များတွင် မီးသတ်ဆေးဘူးများဆောင်ထားကြရန် ညွှန်ကြားထားခြင်းဖြစ်သည်။

"YBS ယာဉ်တွေပေါ်မှာ မီးသတ်ဆေးဘူးတွေထားဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေက လိုက်လံစစ်ဆေးလို့ ယာဉ်ပေါ်မှာ မီးသတ်ဆေးဘူးမပါဘူးဆိုရင် တစ်ခါတည်းဝယ်ပြီးတပ်ခိုင်းတာတို့၊ ဒဏ်ငွေရိုက်တာတို့၊ မီးသတ်ဆေးဘူး တပ်ဆင်မပြီးမချင်း ယာဉ်မထွက်ရတာတို့ စသဖြင့် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ထို့ပြင် ခရီးသည်တင် YBS ယာဉ်များတွင် မီးသတ်ဆေးဘူးအပြင် အသင့်အသုံးပြုနိုင်သော အရန်ဘီး၊ ပြုပြင်မှုတန်ဆာပလာ၊ အရေးပေါ်ထွက်ပေါက်၊ မှန်ခွဲရန်တူ သို့မဟုတ် ပုဆိန်၊ ရှေးဦးသူနာပြုဆေးသေတ္တာ စသည့်အရာများ စီစဉ်ထားရှိရန်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ စီမံကွပ်ကဲမှုအောက်တွင် YBS ကုမ္ပဏီပေါင်း ၂၀ ကျော် ယာဉ်လိုင်းပေါင်း ၁၃၁ လိုင်းမှ YBS ယာဉ်အစီးရေ ၃၅၀၀ ကျော် ပြေးဆွဲလျက်ရှိပြီး တစ်ရက်လျှင် ခရီးသည်ဦးရေ ၁၄ သိန်းခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုများပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်ပွဲကို ဇန်နဝါရီလ ၇ ရက်တွင် သနပ်ပြင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်စေရေးအတွက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးသည့် တောင်သူများ အထွက်နှုန်းတိုးစေရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး အတွက် သွင်းအားစုများ ပံ့ပိုးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေနှင့် ဝန်ထမ်းများက သနပ်ပြင်ကျေးရွာရှိ နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား ဩဘာ(စကြာ)ယူရီးယားနှင့် ဩဘာ (၁၅ ပတ်လည်)ကွန်ပေါင်းဓာတ်မြေဩဇာ သွင်းအားစုများကို တောင်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန် / ဆက်)**

# မကွေးမြို့၌ ဇလဘူမိဗေဒ မြေပုံရေးဆွဲနည်းသင်တန်းဖွင့်လှစ်

မကွေး ဇန်နဝါရီ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ဇလဘူမိဗေဒမြေပုံရေးဆွဲနည်း သင်တန်းကို မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီလ ၆ ရက်က ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးမျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းတွင်ပို့ချပေးမည့်သင်ခန်းစာများ၊ သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် Geological Formation၊ Drilling Techniques & Well Development Methods၊ Global Mapper & Surfer၊ Manage and Install Plugins & Digital Elevation download၊ Clipping & Installing SAGA Next Gen Provider၊ QGIS အသုံးပြု၍ ဇလဘူမိဗေဒ မြေပုံများ လက်တွေ့ရေးဆွဲခြင်း စသည့် သင်ခန်းစာဘာသာရပ်များကို စာတွေ့ လက်တွေ့ဖြင့် ကျွမ်းကျင်သင်တန်းနည်းပြများက ဇန်နဝါရီလ ၆ ရက်မှ ၁၀ ရက်အထိ သင်တန်းသား ၁၅ ဦးအား သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။**ငြိမ်းသူ**

# ဓနုဖြူမြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ



ဓနုဖြူ ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၆ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော် တို့နွဲ့ပျော် သီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှဌေးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၊ ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေကြပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်ဆရာ၊ ဆရာမများနှင့် စိမ်းလန်းစိုပြည်ရေးကျောင်းများအား မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ အတွင်းရေးမှူး ရဲမှူးအောင်နိုင်ဝင်း၊ အဖွဲ့ဝင်(၃) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းထူး၊ မြို့နယ်ပညာရေးမှူး ဦးလှဌေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၇

ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ အဆင့်မြင့်အရာရှိကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ရောဂါနှိမ်နင်းရေးတပ်နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ အငြိမ်းစား ပါမောက္ခ ဆရာကြီး/ဆရာမကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုဆောင်းရာသီကာလတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ အဖြစ်များလေ့ရှိပြီး လတ်တလောတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လျက်ရှိသည့်သတင်းများ ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သတင်းထုတ်ပြန်ချက်အရ လတ်တလောဖြစ်ပွားမှုများတွင် ရာသီတုပ်ကွေး (Influenza A H1N1) ရောဂါသည် ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပိုးများဖြစ်သည့် rhinovirus, respiratory syncytial virus, mycoplasma pneumonia နှင့် Human Metapneumovirus (HMPV) များပါဝင်ကြောင်း။

HMPV ရောဂါပိုးသည် ကိုဗစ်-၁၉ ရောဂါနှင့်မတူဘဲ ယခင်ကတည်းက ဖြစ်ပွားနေခဲ့သော ရောဂါပိုးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့၌ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဆေးသုတေသနဦးစီးဌာနတို့မှ ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းများအရ နိုင်ငံအတွင်းကူးစက်ဖြစ်ပွားမှုရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်နှင့် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ပြုလုပ်ခဲ့သော သုတေသနအချက်အလက်များအရ ပြင်ပလူနာကုဌာနများသို့ လာရောက်ပြသကုသမှုခံယူခဲ့သူများတွင်လည်း အဆိုပါ HMPV ရောဂါပိုးကူးစက်ဖြစ်ပွားခဲ့မှုများရှိသည်ကိုတွေ့ရှိရကြောင်း၊ သို့ဖြစ်ပါ၍ HMPV ရောဂါပိုးသည် ရာသီဥတုအလိုက် ကူးစက်ဖြစ်ပွားမှုရှိနေခဲ့ပြီးဖြစ်သဖြင့် အဆိုပါ ရောဂါပိုးနှင့်ပတ်သက်၍ မိမိတို့ပြည်သူများအတွင်း ကိုယ်ခန္ဓာခုခံအားစနစ်ရှိနေပြီးဖြစ်မည်ဟု သုံးသပ်ယူဆရနိုင်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့်ဒေသတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ သတင်းအချက်အလက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များနှင့် အကြံပြုချက်များအား စဉ်ဆက်မပြတ်ရယူ၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ထိတ်လန့်မှုဖြစ်ရန်မလိုကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာ၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ဆောင်းရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများနှင့်ပတ်သက်၍ ပြည်သူလူထုမှ ကျန်းမာရေးသတင်းအချက်အလက်များ မှန်ကန်စွာရရှိစေရေး၊ ရောဂါဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်းတို့အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက နိုင်ငံတကာနှင့် ဒေသတွင်းရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ





ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အဖွဲ့ဝင်များအား လူ့အခွင့်အရေး အသိပညာဗဟုသုတများတိုးပွားလာစေရန်နှင့် ဘာသာပေါင်းစုံ၏စုပေါင်းအားဖြင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဟူသော အဖွဲ့၏ ရည်ရွယ်ချက်ကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် Esperado Lake View Hotel, Yangon ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌက လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူအဆအကြောင်းနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများ၊ လူ့အခွင့်အရေးအမျိုးအစားများနှင့် လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့်အကြောင်းအရာများကိုလည်းကောင်း၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပေါ်ပေါက်လာပုံနှင့် ကြေညာစာတမ်းပါ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်တို့နှင့်စပ်လျဉ်းသည့်အကြောင်းအရာများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြပြီး ရှင်းလင်းဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၇

ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း၏အလုပ်အမှုဆောင်အဖွဲ့ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းမဘေး မဇင်းတံတားထိပ်ရှိ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းရုံး၌ကျင်းပသည်။ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)မှ အဖွင့်အမှာစကားပြောကြားပြီး အသင်း၏ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားရာတွင် အမှုဆောင်များအနေဖြင့် အသင်း၏လုပ်ငန်းများကိုစေတနာအပြည့်ထား၍ အသင်းတိုးတက်ရေးကိစ္စရပ်များကိုဝိုင်းဝန်းဆောင်ရွက်ပေးကြရန်၊ အသင်းသားများအားလုံးအတွက် လူမှုရေးကိစ္စများပေါ်ပေါက်လာပါက အကူအညီပေးနိုင်အောင်ကော်မတီများဖွဲ့စည်းဆောင်ရွက်ကြရန်နှင့်မြို့နယ်အသင်းရုံးများကိုလည်း မကြာမီကာလအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်း ဖွဲ့စည်းနိုင်ရေးအတွက် ဆပ်ကော်မတီများဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်သွားကြရန်တို့ကိုအကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးစိုးဝင်းနှင့်တက်ရောက်လာကြသော အလုပ်အမှုဆောင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းရုံးအနေဖြင့်လစဉ်ပုံမှန်အစည်းအဝေးများပြုလုပ်လျက်ရှိပြီး အသင်းကြီးတွင် အသင်းသားအင်အားစုစုပေါင်း ၇၈ ဦးခန့်ရှိသည့်အနက် ယခုအသင်းသား ၄၇ ဦးအသင်းသက်တမ်းတိုးပြန်လည်လျှောက်ထားပြီးဖြစ်ကြောင်း သက်တမ်းတိုးရန် ကျန်ရှိအသင်းသားများကိုလည်း ညီလာခံမကျင်းပခင်အမြန်ဆုံးသက်တမ်းများတိုးသွားမည်ဖြစ်သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး သတင်းစာဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ခဲ့ကြကြောင်းသိရသည်။**နေလင်း(ညောင်လေးပင်)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ငွေနှင်းစိုစို လပြာသို

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ပြာသိုလသည် မြန်မာ့တစ်ဆယ့်နှစ်လတွင် ဆယ်ခုမြောက်လဖြစ်သည်။ ဆောင်းဥတုတွင်ပါဝင်သည်။ ပြာသိုလကို ပုဂံခေတ်ကျောက်စာများတွင် "ပ္လသိုဝ်"။ "ပ္လသိုဝ်"။ "ပ္လါသိုဝ်" ဟူ၍ ရေးသားလေ့ရှိသည်။ ပြာသိုလအကြောင်း ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် သင်္ကရိုက်ဘာသာ၌ မကရဟုခေါ်၍ မြန်မာတို့အခေါ် မကာရရာသီတွင် ဖုဿနက္ခတ်နှင့်ယှဉ်သော လပြည့်နေ့ကို ပေါဗီဟုခေါ်ကြောင်း၊ ထို့နောက် ပေါဗီမှ ပေါသီသို့ဆင်းသက်ပြီး ပေါသီကိုပင် ကာလကြာရှည်သဖြင့် ပြောသီ၊ ထိုမှတစ်ဆင့် ပြာသိုဟုခေါ်ကြကြောင်း ဖော်ပြထားသည်။ ထို့ပြင်လည်း ပြာသိုလကို ဖယောင်း၊ ပျားဖယောင်း၊ ပျားဖယောင်းစု၍ အရဆုံးသောလ၊ ပျားဖယောင်းလဟူ၍ ဖွင့်ဆိုထားသည်များလည်းရှိသည်။ ဗေဒင်အခေါ်အားဖြင့် ပြာသိုလကို မကာရရာသီဟုခေါ်သည်။ ထိုရာသီတွင် ဖုဿနက္ခတ်နှင့်လမင်းတို့ယှဉ်ပြိုင်ကာ မွန်းတည့်သည်။ နေမင်းသည် ဥတ္တရာသာဠ်နက္ခတ်နှင့်ယှဉ်ပြိုင်သည်။ ရာသီရုပ်မှာ မကန်းရုပ်ဖြစ်သည်။ ရာသီပန်းမှာ ခွာညိုပန်းဖြစ်သည်။

ဖိုးသူတော်ဦးမင်းက ပြာသိုလဘွဲ့ကို–

"ငွေသော်တာ စန္ဒနှင့်၊ ဖုဿျတဲ့ လမ်းဆုံတိမ်လွှာမှာ ရောင်ဝါကျင်းလို့၊ ထိန်ဝင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ၊ တသိန်ဂုဏ်၊ မြိုင်စုံမြနန်း။ နုစိမ်းစိုစိုနှင့်၊ ပန်းခွာညို ငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း။" ဟူ၍ ရေးသားခဲ့လေသည်။

ပုစွန်တာရာထွန်းပသော ပြာသိုလတွင် ရှေးမင်းများရှိစဉ်အခါက မြင်းခင်းသဘင်ပွဲခေါ် မြင်းခင်းပွဲတော်ကို ကျင်းပမြဲဖြစ်သည်။ မြင်းခင်းစက်သွင်းသဘင်ပွဲတော်သို့မဟုတ် မြင်းခင်းစက်ထိုးပွဲဟုလည်း ခေါ်ကြသည်။

မြင်းခင်းစက်သွင်းသည်ဆိုသည်မှာ မြင်းကိုကျင်လည်စွာ အပြေးစီးရင်းထူထားသော စက်တိုင်တွင် အဆင့်ဆင့်သော စက်ဝန်းများကိုမှန်အောင် လှံလျှင်ပစ်သွင်းသောသဘောပင်ဖြစ်သည်။ မင်းညီမင်းသား၊ မှူးမတ်တို့သည် မျဉ်းမောက်တိုစစ်ဝတ်တန်ဆာများကို ဆင်ယင်ကာ မြင်းကြိုးကစုံပါရှိသော မြင်းကိုစီးလျက် လှံလျှင်ကိုပစ်ကြသည်။ လှံလျှင်ကို လှံတိုဟုလည်းခေါ်ကြသည်။ လှံလျှင်ပစ်လက်တည့်သူသည် ရှေးမြန်မာစစ်ပွဲများ၌ အရေးပါမည့်သူဖြစ်သည်။ ဆင်စီးချင်းထိုးသည်။ မြင်းစီးချင်းထိုးသည်ဆိုရာ၌ တစ်ဖက်နှင့်တစ်ဖက် လှံလျှင်လွှတ်၍ တိုက်ချင်းမျိုးလည်း ပါဝင်သည်။ အလောင်းမင်းတရား အရေးတော်ပုံကျမ်းတွင် ခင်ဦးစား ဦးချစ်ညိုနှင့် သေနတ်ဝန်တို့ လှံလျှင်လွှတ်၍မြင်းစီးချင်းတိုက်ကြပုံကို အောက်ပါအတိုင်းရေးမှတ်ခဲ့လေသည်။

"ငါနှင့် မြင်းစီးချင်းကစားကြမည်။ ယောကျ်ားကောင်းထွက်ခဲ့စေ ချစ်ညိုဆိုလျှင်၊ မင်းကျော်ဗညားထွက်သည်ကို မြတ်ထွန်းငယ်နှင့် ငါတိုက်ဘက်မတန်၊ ငါ့လှံသာ သွေးစွန်းတော့မည်ဆိုသဖြင့်၊ မုဆိုးခြုံ ဗိုလ်မင်းလှမင်းတောင် ထွက်ပြန်သည်ကိုလည်း ငထွန်ငယ် ငါ့လက်စွမ်းကို စဉ့်ကိုင်မှာနေစဉ်ကပင် နင်အသိဖြစ်သည်။ ငါနှင့် ဘက်မတန်ဆိုပြန်၍၊ ယင်းမကန်ဗိုလ်ယင်ပါဗိုလ်တို့ မြင်းနှစ်ဆယ်သား အသီးသီးထွက်ကြသည်ကိုလည်း မဖက်မပြိုင်လို၊ သေနတ်ဝန်ဆိုသူသာထွက်လာစေဆို၍ သေနတ်ဝန်ထွက်ရာတွင်မှ သည်ခါ ယောကျ်ားချင်းတွေ့ရတော့မည်၊ ကိုတို့မှာ ပွဲကြည့်၍သာနေ၊ သေနတ်ဝန်နှင့် ငါနှင့်တန်စေ၊ ကြုံးဝါးသံပ၍ မြင်းကိုအကုန်လွှတ်၍ ခြေတစ်ဖက်ထောင်လျက် ရပ်၍စီးသည်။ ပက်လက်အိပ်၍စီးသည်။ ထက်ဝယ်ဖွဲ့ခွေလျက်စီးသည်။ မြင်းနံပါး၌ ကပ်လျက်စီးသည်။ လှံကိုလက်ဝဲလက်ယာဘယ်ညာလဲ၍ စီးသည်။ သေနတ်ဝန်မူကား လှံမကို ချိန်ဆကာနေသည်၊ ချစ်ညိုလည်း စီးနည်းအထွေထွေပြီးလျှင် လှံလျှင်နှင့်လွှတ်လိုက်သည်။ သေနတ်ဝန်၏ လှံရိုးကိုခတ်မိချေ၏။"

သီပေါမင်းလက်ထက်မြင်းခင်းစက်သွင်းပွဲကျင်းပပုံကို ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယအုပ်၌ ဤသို့တွေ့ရသည်။ "ယင်းသည့် (၁၂၄၀ ပြည့်နှစ်) ပြာသိုလပြည့်ကျော် ၂ ရက်နေ့ ရှေးမင်းတကာတို့လက်ထက်၊ ဗျူဟာသဘင်စီစဉ်ကျင်းပမြဲဖြစ်သော ဆင်၊ မြင်း၊ ရထား၊ လေး၊ မြား စသောမင်းမှုဝိဇ္ဇာအတတ်မျိုးတို့၌အကျုံးဝင်သော ဆင်ခင်းမြင်းခင်းစက်သွင်းသဘင်တော်ကျင်းပရန်ကို ရွှေနန်းတော်အတွင်း မြေနန်းတော် လက်ဝဲဘက်တွင် အမြင့်တစ်ဆယ့်ငါးတောင်ကစ၍ နှစ်ဆယ်၊ နှစ်ဆယ့်ငါးတောင်၊ သုံးဆယ်၊ ငါးဆယ်၊ အနောက်ကအရှေ့သို့ အတည့်အတန်း စက်တိုင်ငါးစိုက်ထူပြီးလျှင် မြေနန်းတော်ဦးမင်းတက်သက္ကဒါန် လှေကားတော် မြောက်စံတော်မူရန် တဲကန္နားဖျင်းတော် ဆောက်လုပ်၊ ပိတ်ဖြူမျက်နှာကြက်၊ ဗိတာန်ကြာယပ်၊ လှဇရွဲကြက်လုပ်၊ ဆွဲဆင့်အသင့်ရှိစေ၍ ပြာသိုလပြည့်ကျော် ၃ ရက်နေ့တိုင် မင်းညီမင်းသား၊ ဝန်ကြီး၊ အတွင်းဝန်၊ ဝင်းတော်မှူး၊ မှူးတော်မတ်တော်၊ လက်သုံးတော်၊ လက်စွဲတော်တို့ သနားတော်မြတ်ခံရသည့် မျဉ်းမောက်တို၊ စစ်ဝတ်တန်ဆာဆင်ယင်ပြီးလျှင် မြင်းကြိုးကစုံများကိုစီးနင်း၍ တစ်ကိုယ်လျှင် ဆယ်ခေါက်ကလှံလျှင်ဆယ်စင်းစီကုန်အောင် ထိုးကြရသည်။ မင်းညီမင်းသားများမှာ မျဉ်းတို၊ မျဉ်းရှည်၊ စစ်ဝတ်တန်ဆာအဆင်အယင်နှင့် ပေါင်းထုပ်ပဝါပေါင်း၍ ထိုးကြရသည်။ ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရားမှာ အဖိုးအနဂ္ဃထိုက်တန်သော ရတနာအပေါင်းတို့ဖြင့်ပြီးသော မျဉ်းမောက်တို စစ်ဝတ်တန်ဆာဆင်ယင်တော်မူပြီးလျှင် အသျှင်မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား မောင်းမမိဿံခြံရံတော်မူလျက် မြေနန်းတော်အတက် ကန္နားဖျင်းတဲတော်သို့ ထွက်စံကြည့်ရှုတော်မူသည်၊ စက်ထိုးသဘင်တော်တွင် စက်စွဲသည့် မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ လက်သုံးတော်၊ လက်စွဲတော်တို့မှာ တစ်လက်စွဲလျှင်၊ ငွေပွင့်ထိုး ပန်းပုဝါတစ်၊ သဇင်ပန်းခိုင်တစ်စီ သနားတော်မူသည်။ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ လက်သုံးတော်၊ လက်စွဲတော်တို့စက်ထိုးသဘင်ပြီးလျှင် ကသည်း အက္ကပတ်မြင်းတပ်ဗိုလ်အရာရှိတို့နှင့် မြင်းအမှုထမ်းတို့ ရှောက်သီးဓားခုတ်၊ လှံထိုး၊ ငှက်ပျောပင်စိုက်၊ ရေအိုးတင်ဓားခုတ်၊ မြင်းအစိုင်းအနင် အရေးအရာများကို ထိုးခုတ်ပြပြီးနောက်၊ ရွှေနန်းတော်သို့ဝင်တော်မူသည်။



ဓာတ်ပုံ-အင်တာနက်

မြင်းခင်းသဘင် မကျင်းပမီ၌လည်းကောင်း၊ ကျင်းပဆဲ၌လည်းကောင်း၊ မြင်းခင်းဆိုင်ရာအတီးအမှုတ်တို့ကို တီးမှုတ်ကြသည်၊ သို့ကြောင့်ပင်မြန်မာ့ဂီတလောကတွင် မြင်းခင်းကြိုးသီချင်းများ ထွန်းကားလာခဲ့ခြင်းဖြစ်သည်။ ဆင်ရေး၊ မြင်းရေး၊ သေနတ်ရေး၊ လှံရေး၊ လေးရေး၊ ဓားရေး၊ အခုန်အပြေး စသည်ဖြင့် အမျိုးမျိုးလေ့ကျင့်မြဲ၊ ကျင်းပမြဲဖြစ်သည်ကိုရည်၍ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီ လူးတားတွင် ဦးအောင်ကြီးက–

"သာစွလေ၊ ရွက်ပြေမြညို၊ ခါကိုလည်းလင့်၊ ပင်တိုင်းပွင့်၍၊ နှင်းနှင့်မြူငွေ့၊ လပြည့်နေ့ဝယ်၊ ပြိုင်၍ဖုဿျ၊ မဂါရဟု၊ ဆောင်းလရာသီ၊ အညီပေါ်မှန်း၊ ကြိုင်ပျံ့မွှမ်းသည်။ နွယ်ပန်းလှိုင်လို၊ လပြာသိုကား၊ မိန်ညိုချပ်ဝတ်၊ လျောက်ပတ်ဆောင်ယောင်၊ မှူးခေါင်မတ်ဖျား၊ မင်းသားမင်းမြေး၊ ဆုံးရေးမှတ်လျက်၊ စွယ်ရုက်ချီပင့်၊ ချွန်းဖွင့်တိုက်လျှင်၊ ဆင်တပ်ပြင်၍၊ ခြေလျင်ခြေချင်း၊ မြင်းလည်းမြင်းလျောက်၊ ထိုးမြောက် လှံလေး၊ ခုန်ပြေးသန်လျင်၊ စိုင်းနှင်ကြွားကြွား၊ ဓားသွားနုတ်ငင်၊ မွမ်းမွမ်းဖြင့်မျှ၊ သဘင်မြင်းခင်း၊ စစ်ဆင်ကျင်းသည်၊ စီးနင်းကြော့ လန်းလန်းတည့်လေ။" ဟူ၍စပ်ဆိုထားလေသည်၊ ယင်းသို့မြင်းခင်းသဘင်ဆင်ယင်ကျင်းပရာ၌ လှံရေးကစားရာတွင် ဝတ်ဆင်ရသော အဝတ်တန်ဆာ၊ ကစားသူတို့၏ အမူအရာတို့ကို ဆယ့်နှစ်ရာသီဘွဲ့ "ပြာလဲ့ညက်စင်" ချီရတုတွင်–

"ဝေဝေဆီးနှင်း၊ ချမ်းဘိခြင်းကို၊ မြင်းခင်းထွက်ဆဲ၊ စက်ထိုးပွဲမှာ၊ နွဲ့းကာ နွဲ့းကာ၊ ရိန္ဒမာပျံ၊ စကြာလှံနှင့်၊ ကေဆံမသိမ်း၊ အားယူတိမ်း၍၊ ဖဲစိမ်းဝတ်လုံ၊ ရစ်စီးခြုံလျက်၊ တောင်ပုံ ရာထဲ၊ ချက်တိုင်းစွဲအောင်၊ ဖန်လဲမည်ပြု၊ မောင်းရင်းကိုး၍ မထိုးစေရ…" ဟူ၍ရေးစပ်ထားသည်ကိုတွေ့ရလေသည်၊ ပြာသိုလနှင့်စပ်လျဉ်းသောအကြောင်းကို မဟာအတုလမင်းကြီးကလည်း –

"တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လပြာသိုမှာ၊ နွယ်ခွာညိုကြိုင်ကြိုင်နှင့်၊ လှိုင်လှိုင်သင်းတဲ့ လကိုလေး။ ရောင်သိင်္ဂီငယ်၊ ကြယ်ညီဖုဿျ၊ မကာရမို့၊ ရွှေဝဥကင်၊ နန်းရင်ပြင်မှာ၊ လှံလျှင်မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊ ဗိုလ်ညီလာခံသောအခါ၊ ဆဒ္ဒန်ပိုင့်ပြောင်မွန်မှာ၊ အောင်တံခွန်တေဇာမြူးလို့၊ ထူးလှတယ်လေး"ဟူ၍ စပ်ဆိုခဲ့လေသည်။

ပြာသိုလတွင် နံနက် စက်နာရီ ၆ နာရီ ၃၈ မိနစ်တွင် နေထွက်၍၊ ညနေ စက်နာရီ ၅ နာရီ ၄၁ မိနစ်တွင် နေဝင်လေသည်။ မြန်မာနာရီအားဖြင့် နေ့ ၂၄ နာရီရှိပြီးလျှင် ည ၃၆ နာရီရှိသည်။ ဦးယာက "ရာသီညွှန့်လန်း၊ နွယ်ပန်းခွာညို၊ နှင်းစိုချမ်းစိမ့်၊ လွမ်းလိမ့်လေ။ တထွေဆန်းစ၊ မကာရဟုစရရာသီ၊ နာရီနှစ်ခန်း၊ ချင့်မှန်းတိုင်းထွာ၊ နေ့မှာ နှစ်ဆယ်၊ စွန်းကယ်ဇယ၊ ညဉ့်သို့ကျသော်၊ ဆနှင့်တြိန်း၊ ကိန်းခန်းသင်္ချာ၊ တသိန်းသာ၍၊ စွန်းပါငါးသောင်း၊ အပေါင်းသည်မျှ၊ ဓာတ်အိမ်ပြလျက်၊ နှင်းကျမှိုင်းရီ၊ ပထဝီဟု၊ ရာသီစရ၊ ပြာသိုလတွင်" ဟူ၍စပ်ဆိုပြထားသည်ကိုလည်းတွေ့ရသည်။

ငွေနှင်းစိုစို လပြာသိုသည် ဆီးနှင်းထူထပ်သောကာလ၊ မြန်မာတို့က ဆောင်းရာသီဟုခေါ်ကြသည့် ချမ်းအေးသောရာသီဖြစ်သည်။ ချမ်းအေးလှကြောင်းကို "ပြာသိုမာသ၊ မကာရတွင်၊ ပွင့်ကြကြိုင်သင်း၊ မြောက်လေသွင်း၍၊ ရင်တွင်းချမ်းစိမ့်၊ လှမျိုးငြိမ့်ကို၊ နှစ်သိမ့်စရာ၊ ကြင်တော်ကွာသား၊ ခွေကာစုရုံး၊ မဉ္ဇူအုံးမှာ၊ မပြုံးညှိုးငယ်၊ သနားဘွယ်နှင့်" ဟူ၍ စာဆိုဦးယာက မြောက်လေအသွင်းဝယ် ကြင်ဖော်ဝေးသူတို့ ရင်တွင်းချမ်းစိမ့်လာကြပုံကိုဖော်ပြခဲ့သည်။

စာဆိုနဝဒေးကြီးကလည်း "နတ်ပန်းခွံမြ၊ ပေါ်သည့်လဝယ်၊ တရာ့တဆောင်း၊ ရုံးလာပေါင်းလည်း၊ တူကြောင်းမရှိ၊ ချမ်းလှဘိ" ဟု စပ်ဆိုပြထားပြန်သည်။ ဆောင်းပေါင်း တရာ့တဆောင်းပေါင်းထားသည့် ချမ်းအေးမှုကို နဝဒေးကြီးတို့လက်ထက်တွင် ခံစားခဲ့ရပုံဖြစ်ပါလိမ့်မည်။

ချမ်းအေးသောရာသီဝယ် မိုးကရွာတတ်သည်။ မိုးလက်ဘ်၌ "ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်"ဟုဆိုကြသည်။ အေးသောပြာသိုလဝယ် ရွာသောမိုးကြောင့် အချမ်းပြင်းသည်ဟု ဆိုခြင်းဖြစ်သည်။ ထိုကာလ ရွာသောမိုးကြောင့် နှမ်းနုတ်၍ ပုံထားသော နှမ်းပုံကြီးရှိ နှမ်းများလည်း ပျက်စီးကုန်ကြသည်။ ဤသည်မှာ အဖြူနှင့်အမည်း၊ ဓမ္မနှင့်အဓမ္မတို့ ယှဉ်တွဲဖြစ်တည်တတ်ကြသည့် လောကသဘာဝပင်ဖြစ်သည်။ ပြာသိုလသည် လောကသဘာဝနှင့်လျော်ညီလှပသည်။ ရိုးရာဓလေ့မပျက် လှမြဲလှလျက်ရှိသည့် ပြာသိုလသည် ယဉ်ကျေးမှုနယ်ပယ်တွင် ဝင့်ထည်နေမြဲသာဖြစ်ပါတော့သတည်း။ ။

# ငါးမွေးမြူရေးကန်များဖော်ချိန်ဖြစ်သောကြောင့် လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ ရေချိုငါးများ အများဆုံးဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းလျက်ရှိ



ရန်ကုန် ဇန်နဝါရီ ၇

ငါးမွေးမြူရေးကန်များ ဖော်ချိန်ဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ ယခုလဆန်းပိုင်းမှစ၍ ရေချိုငါးအများဆုံး ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးရှိ ဈေးတာဝန်ခံရုံးမှ သိရသည်။

ပြည်တွင်း၌ နှစ်စဉ် ဇန်နဝါရီလမှ ဧပြီလအထိ ငါးမွေးမြူရေးကန်များ ဖော်ချိန်ဖြစ်ပြီး လက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မွေးမြူရေးကန်များမှထွက်ရှိသော မွေးမြူရေးရေချိုထွက်ကုန်အများအပြား ရွှေပိတောက်ငါးဈေးသို့ ဝင်ရောက်နေခြင်းဖြစ်သည်။ ထိုသို့ ရေချိုထွက်ကုန်များ ဝင်ရောက်နေသည့်အပြင် မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ရေငန်ထွက်ကုန်များလည်း ပုံမှန်ဝင်ရောက်လျက်ရှိသောကြောင့် သင့်လျော်သော ဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စားသုံးသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း၊ တချို့သော ရေချို၊ ရေငန်ထွက်ကုန်များကို အအေးခန်းစက်ရုံများသို့ တိုက်ရိုက်တင်ပို့နေရကြောင်း သိရသည်။

"လက်ရှိမှာ ရွှေပိတောက်ငါးဈေးကို ရေချိုထွက်ကုန်တွေဖြစ်တဲ့ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးမုတ်၊ တီလားပီးယား အပါအဝင် မွေးမြူရေးနဲ့ သဘာဝရေချိုထွက်ကုန် အမျိုးအစားပေါင်း ၃၀ ကျော်လောက် ဝင်ရောက်နေပါတယ်။ ဒါ့ပြင် ပြည်ကြီးငါး၊ ပုစွန်၊ ကင်းမွန်အပါအဝင် ရေငန်ထွက်ကုန်အမျိုးအစားတွေလည်း ဝင်ရောက်မှုရှိပါတယ်" ဟု ရွှေပိတောက်ငါးဈေးရှိ ဈေးတာဝန်ခံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုအခါ ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာ သုံးသိန်းခန့်ဝင်ရောက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအတွက် လုံလောက်မှုရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် နီးစပ်ရာဒေသများသို့လည်း တင်ပို့ရောင်းချနေရကြောင်း၊ လက်ရှိ ရွှေပိတောက်ငါးဈေးတွင် ဈေးရုံပေါင်း ရှစ်ရုံရှိပြီး မှတ်ပုံတင်ဆိုင်ခန်းပေါင်း ၄၅၀ နီးပါးနှင့် ပွဲကျဆိုင်ခန်းပေါင်း ၁၉၀ ခန့် ဖွင့်လှစ်ထားကာ အထူးသဖြင့် ရေထွက်ကုန်ပစ္စည်းများကို လက်ကားဝယ်ယူလိုသူများ အားထားနေရသော ဈေးကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်သွက်နေ

ကျိုက်လတ် ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ဒေသထွက်ကုန်ငါးမြွေထိုးခြောက်များကို ဝယ်လိုအားများပြီး အရောင်းအဝယ်သွက်နေကြောင်း ကျိုက်လတ်မြို့နယ်၌ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ခင်ဝင်း၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်မှစ၍ လက်ရှိအချိန်ထိ ဒေသထွက်ကုန် ငါးမြွေထိုးခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်သည်။ အဆိုပါဒေသမှထွက်ရှိသည့် ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန် စသည့်မြို့များက မှာယူမှုများပြားနေခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိတော့ ကျိုက်လတ်မြို့နယ်ကထွက်တဲ့ ငါးမြွေထိုးခြောက်တွေ ပုံမှန်ထက် အရောင်းသွက်နေပါတယ်။ ဒေသတွင်းဈေးကွက်အပြင် ပုသိမ်ဈေးကွက်နဲ့ ရန်ကုန်ဈေးကွက်ကနေ ငါးမြွေထိုးခြောက်တွေကို မှာယူအားများနေတယ်။ ငါးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေ အရောင်းအဝယ်များလာတာကြောင့် ငါးခြောက်လုပ်ငန်းနဲ့ဆက်စပ်တဲ့ နယ်ပယ်အသီးသီးကသူတွေလည်း အဆင်ပြေလာပါတယ်" ဟု ဒေါ်ခင်ခင်ဝင်းကပြောသည်။

ကျိုက်လတ်မြို့နယ်၌ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ငါးမြွေထိုးများကို ဝယ်ယူပြီး အချို၊ အငန်စပ်ကာ အခြောက်လှန်း၍ စားသုံးရန်အဆင့်အထိ စနစ်တကျ ပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

# မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်) ၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲကျင်းပ

ပြည် ဇန်နဝါရီ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)၏ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီလ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ အဆိုပါစခန်းသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြင့်က မူးယစ်ဆေး၏ဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးသုံးစွဲမှုနှင့် ဆက်စပ်လျက်ရှိသည့် နောက်ဆက်တွဲအန္တရာယ်များအကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီးနောက် မိမိတို့ရပ်ရွာသို့ ပြန်လည်ရောက်ရှိချိန်တွင် သင်တန်းမှ သင်ကြားပို့ချခဲ့သော စိတ်ပိုင်း/ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကျင့်သုံး၍ ယခုအချိန်မှစကာ ခြေလှမ်းအသစ်များဖြင့် စိတ်သစ်၊ လူသစ်၊ ဘဝသစ်ဆီသို့ တက်လှမ်းကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်) မှ ဦးစီးအရာရှိ ဦးစဝင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင်သင်ကြားခဲ့သော သက်မွေးပညာရပ်များ၊ သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ခန်းစာပို့ချခြင်းတို့၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ပြည်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြင့်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရာဇာဝင်းထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး(၁/၂၀၂၅)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား




နေပြည်တော် ဇန်နဝါရီ ၇

လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြပြီး ကျန်ရှိသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးကို ကော်မရှင်အဖွဲ့ဝင်များနှင့် ပညာရှင်များ၏ တတ်သိကျွမ်းကျင်မှုများဖြင့် ခေတ်စနစ်နှင့်လျော်ညီသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း (Development Trends) ရရှိနိုင်ရေးနှင့် လတ်တလောအောင်မြင်စွာဖြေရှင်းနိုင်မည့် ဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းများ တိုင်ပင်ညှိနှိုင်းအဖြေရှာသွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏နေ့စဉ်လူနေမှုဘဝတိုးတက်မြင့်မားရေး၊ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ပိုမိုဝင်ရောက်လာစေရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ရရှိရေးသည် အရေးကြီးသည့် အခြေခံအဆောက်အဦ (Infrastructure) ဖြစ်နေသည့်အတွက် ကဏ္ဍနှစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ရန် ကော်မရှင်ကို ဖွဲ့စည်းပေးရခြင်းဖြစ်ကြောင်း။

လျှပ်စစ်ကဏ္ဍတွင် မိမိတို့နိုင်ငံရှိ လျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်အမျိုးမျိုးရှိရာ ရေအားနှင့်သဘာဝဓာတ်ငွေ့တို့အပေါ် အဓိကမှီခိုနေရကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) အသုံးပြုမှုကို ယခုထက်ပိုမိုတွင်ကျယ်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားရရှိရန် လိုအပ်လျက်ရှိသည့်အတွက် သဘာဝဓာတ်ငွေ့ရည်(LNG) သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအနေအထားအရ မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို အကြမ်းဖက်ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးပို့မရခြင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျဆင်းခြင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းများကြောင့် လျှပ်စစ်ဓာတ်အားအပြည့်အဝ မထုတ်လုပ်နိုင်သည့်အပြင် သဘာဝဘေးဒဏ်ဖြစ်သည့် ရေကြီးရေလျှံခြင်းများကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်မောင်းနှင်၍မရသည့် အခက်အခဲများနှင့် ကြုံတွေ့နေရသောကာလဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးတွင်လည်း ရရှိသမျှလျှပ်စစ်ဓာတ်အားနှင့် အချိန်လိုက်အုပ်စုခွဲပြီး လျှပ်စစ်ဓာတ်အားသုံးသူများကို တတ်နိုင်သလောက် အဆင်ပြေချောမွေ့အောင် ဖြန့်ဖြူးပေးနေကြောင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် အဓိကကျသည့်အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို ဖိတ်ခေါ်ဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံသူကို ဆွဲဆောင်နိုင်ပြီး အကာအကွယ်ပေးနိုင်သည့် မူဘောင်များဖြစ်ရန်လိုအပ်ပြီး သက်ဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်လေ့လာသုံးသပ်ရန်လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မကွေးတိုင်းဒေသကြီးခရီးစဉ်အတွင်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ဧရာဝတီမြစ်ရေကိုထိန်း၍ရသည့်နေရာများ၌ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်မည့် အနိမ့်တမံများတည်ဆောက်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း၊ ဧရာဝတီမြစ်အတွင်း အနိမ့်တမံများတည်ဆောက်၍ လျှပ်စစ်ထုတ်ယူနိုင်သည့် နေရာ ၁၆ ခုရှိပြီး ဦးစားပေးလေးနေရာအနက်မှ အသင့်လျော်ဆုံးတစ်နေရာအား အကျိုးအပြစ်များနှင့်အတူ ပြန်လည်တင်ပြရန် လမ်းညွှန်မှုပြုထား၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပညာရှင်များမှ အကြံပြုဆွေးနွေးပေးစေလိုကြောင်း။

နိုင်ငံတကာတွင်လည်း ဆိုလာစွမ်းအင်ကို ဦးစားပေးဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာတွင်ကျင့်သုံးနေသည့် နည်းတူ Renewable Energy အား အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေး အဆောက်အအုံသစ်များတည်ဆောက်မည်ဆိုပါက ဆိုလာစနစ်ပါ တပ်ဆင်အသုံးပြုရေးနှင့်ပိုလျှံလျှပ်စစ်များအား National Grid အတွင်း ပေးသွင်းနိုင်ရေးအတွက် ဥပဒေ၊ အမိန့်ကြော်ငြာစာများထုတ်ပြန်နိုင်သည်အထိ ဆောင်ရွက်သွားရမည်ဖြစ်၍ အားလုံးက အကြံပြုဆွေးနွေးပေးစေလိုကြောင်း။

စွမ်းအင်ကဏ္ဍအနေဖြင့်လည်း ကုန်းတွင်း၊ ကမ်းလွန်လုပ်ကွက်သစ်များ၊ လုပ်ကွက်ဟောင်းများ ပြန်လည်အဆင့်မြှင့်တင်ခြင်းများ၊ ရေနံချက်လုပ်ခြင်းလုပ်ငန်းများအတွက် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်၍ ဆောင်ရွက်သင့်သည်များကို အကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က လျှပ်စစ်နှင့်စွမ်းအင်ထုတ်ယူသုံးစွဲနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ၊ နောင်ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အားရရှိမှုနှင့် သုံးစွဲမှုအခြေအနေများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေများ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရှိရသည်။

(၅၀၀)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒဂုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း) မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒဂုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားနှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၆ ရက်က အဆိုပါတက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းလွင်က ပညာရေးနှင့် အားကစားပေါင်းစပ်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးကိုမြှင့်တင်ပေးရန်၊ တက္ကသိုလ်ကျောင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီး၍ ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ရန်နှင့် စစ်မှန်သောအားကစားစိတ်ဓာတ်ဖြင့် အားကစားကိုချစ်မြတ်နိုးတတ်စေရန်၊ ထူးချွန်သော ဉာဏ်ရည်မြင့်မားသည့် မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အားကစားပြိုင်ပွဲများကျင်းပပေးရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားအဓိဋ္ဌာန်ရွတ်ဆို၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြသည်။ အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီလ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိပြီး တက္ကသိုလ်ဘာသာရပ်အသီးသီးမှပြိုင်ပွဲဝင်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၂၈၅)

# နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI နှင့် ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

★ ရှေ့ဖုံးမှအဆက်

စိုက်ပျိုးရေးကဏ္ဍနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်သည့်အခြေအနေများ၊ ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အတတ်နိုင်ဆုံးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်စေရေး တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလိုအပ်မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှလေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့်အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံပိုင်လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသည့်လုပ်ငန်းနှင့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ဂုဏ်ပြုသည့်အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၇**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံပိုင်လုပ်ငန်း(SOE) စွမ်းဆောင်ရည်ဆုရရှိသည့်လုပ်ငန်းနှင့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်မှ စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများအနက် ဝန်ထမ်း ၅၅ ဦးကိုလည်းကောင်း၊ ယခုနှစ်တွင် ဝန်ထမ်း ၁၀ ဦးကိုလည်းကောင်း စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း၊ ဝန်ထမ်းများအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ နည်းပညာစွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေးအပ်နိုင်ရေးအတွက် ဦးစီးဌာန၊ စက်မှုလုပ်ငန်းအသီးသီးမှ စိစစ်ထောက်ခံပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဝန်ထမ်းများအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်သကဲ့သို့ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနက် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်၍ တစ်ဆင့်မြင့်ရာထူးနေရာများသို့ အသီးသီးတိုးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ရေရှည်ရပ်တည်လည်ပတ်နိုင်ရေးအတွက် နိုင်ငံပိုင်လုပ်ငန်းစွမ်းဆောင်ရည်ဆု ရွေးချယ်နိုင်ရေးအတွက် သတ်မှတ်စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသည့် ဝန်ထမ်းများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# လူငယ်များဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၇**

ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇန်နဝါရီလ ၇ ရက်တွင်သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စိန်ညီလာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစောသက်ဇေအောင်က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဆောင်းနှင်းဖြူက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း Grade-10 မှ မောင်ကောင်းသန့်က လူငယ်နှင့်စာရိတ္တ၊ Grade-10 မှ မောင်ကောင်းခန့်ဇင်က လူငယ်နှင့်အားကစား၊ Grade-10 မှမဒေါင်းအိုးဝေက လူငယ်နှင့်မူးယစ်ဆေး၊ Grade-10 မှ မနှစ်ဦးလရောင်က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့်ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်း စီမံကိန်း၏ နှစ်(၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိသစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသနစာတမ်းရှင်များနှင့် စီမံကိန်းဧရိယာမှ ဒေသခံများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၏ အဓိကရည်ရွယ်သည့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေးနှင့် ဒေသခံများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးဖြစ်ကြောင်း၊ စီမံကိန်းကာလနှစ်(၂၀)အတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသုတေသနစာတမ်း ၃၅ စောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများစွာဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ တနင်္သာရီသဘာဝကြိုးဝိုင်းသည် တောရိုင်းတိရစ္ဆာန်များမှီတင်းနေထိုင်ရာ နေရင်းဒေသတစ်ခုဖြစ်ရုံသာမက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးရေးကို ယှဉ်တွဲအကောင်အထည်ဖော်နိုင်ကြောင်း ပြသနေသည့် ပြယုဂ်တစ်ခုလည်းဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်း စီမံကိန်း အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်း၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသကာ တေးသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် စီမံကိန်းကာလအတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းများဆိုင်ရာပိုစတာများနှင့် သုတေသနစာတမ်းဆိုင်ရာပိုစတာများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားအပြီးတွင် တနင်္သာရီသဘာဝကြိုးဝိုင်း၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင်ဆောင်ရွက်ရမည့်အခွင့်အလမ်းကောင်းများဖော်ထုတ်ခြင်းဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက ကဏ္ဍအလိုက် စာတမ်းများဖတ်ကြားခဲ့ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြိမ်(၅၉၀)မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၇

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာလှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက်အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အကြိမ်(၅၉၀)မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူတော်ငွေများပေးအပ်လှူဒါန်းကြရာ အလှည့်ကျသဘာပတိ ဦးမျိုးအောင်ဌေးနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဝိနယ+ဒီဃနိကာယ ပါဠိပါရဂူ ရွှေပြည်သာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်ပွဲ လှူဒါန်းပွဲတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ ရွှေသင်္ကန်းတော်ရွှေပြားအလှူရှင် ၁၆၀ ဦးက ၆ ကျပ်သား ရွှေပြား ၉ ချပ်နှင့် ၁ ကျပ်သား ရွှေပြား ၂၃၆ ချပ် စုစုပေါင်းရွှေစင်ရွှေပြားအချပ် ၂၄၅ ချပ်လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၃၈ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၂၅၅၂၃၂၀၁၉ (ကျပ်သိန်းပေါင်းနှစ်သောင်းငါးထောင့်ငါးရာနှစ်ဆယ့်သုံးသိန်းတစ်သောင်းနှစ်ထောင်တစ်ဆယ့်ကိုးကျပ်တိတိ) ဖြစ်ကြောင်း သိရသည်။

သိန်းဝင်း

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇˚C | / | ၃၁˚C |
| ရန်ကုန် | ၁၇˚C | / | ၃၂˚C |
| မန္တလေး | ၁၈˚C | / | ၃၂˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တာချီလိတ်မြို့၌ ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်နေ့ကျင်းပပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာစုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၇

ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်နေ့ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လားဟူတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်သစ်ကူးပွဲတော် ဂုဏ်ပြုအမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီး ပြောကြားကြသည်။

ၿင်းနောက် လားဟူတိုင်းရင်းသားရိုးရာ လက်ဆေးမင်္ဂလာဆောင်ရွက်ကြပြီး လားဟူတိုင်းရင်းသားများကိုယ်စား မိုင်းဆတ် လားဟူစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရ ဓာတ်ပုံများရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts credentials from Iranian Ambassador to Myanmar

NAY PYI TAW January 7

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the credentials from the newly accredited Ambassador to Myanmar of the Islamic Republic of Iran H.E. Dr. Nassereddin HEIDARI at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw at 10:00 am today.



Senior General Min Aung Hlaing receives Iranian Ambassador to Myanmar H.E. Dr. Nassereddin HEIDARI.

They then cordially discussed friendship and diplomatic ties between the two countries, further improvement of mutual trade, promotion of cooperation in science and technological sector, agricultural sector and defence sector, cultural exchange programs, further enhancement of bilateral friendship and cooperation, Myanmar's latest political developments, preparations for holding a free and fair election with maximum efforts, assurance of the rule of law and peace and stability for holding a free and fair election, and invitation of international observers for the election.

Afterwards, the Senior General and the Iranian Ambassador to Myanmar posed for documentary photos.

Also present on occasion were SAC Joint Secretary General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Zaw Tun Oo. **100**

# Shwebo Township finishes cultivation of winter sesame

SHWEBO January 7

Statistics of Shwebo Township Agriculture Department mentioned that a total of 9,581 acres of winter sesame has been planted in Shwebo Township of Sagaing Region.

Local farmers have so far planted 9,581 acres of sesame as cold season crops in Shwebo Township against the target of 9,587 acres.

U Hsan Oo, Head of Shwebo Township Agriculture Department commented: "This cold season, local authorities planned to grow 9,587 acres of sesame in Shwebo Township but farmers have so far planted 9,581 acres. They are striving for meeting the target cultivation. Sown acreage of sesame is on the rise yearly. Farmers prefer to grow sesame in winter rather than monsoon season."

Officials of the Township Agriculture Department raise farmer awareness to grow sesame successfully with quality seeds and GAP techniques so as to boost per-acre yield of crops.

The crops planted in GAP system have higher quality and grasp greater market shares at home and abroad. Consequently, farmers will have improvement of their socio-economic life.

**SK**

# More than 10,000 acres of groundnut planted in YeU Township

YEU January 7

Statistics of YeU District Agriculture Department mentioned that a total of 10,248 acres of groundnut has been planted in YeU Township of Sagaing Region.

In 2024-2025 winter, local authorities earmarked 7,066 acres of groundnut in YeU Township but local farmers have so far planted 10,248 acres of groundnut exceeding the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Local farmers have planted more than 10,000 acres of groundnut exceeding the target cultivation of over 7,000 acres. At present, groundnut plantations are thriving in the croplands with potentials for having success in oil crops. Sown acreage of groundnut is on the rise yearly."

Farmers need to use 1.5 baskets of groundnut seeds per acre and cost more than Ks-200,000 per acre for seeds of crops, labour charge, fertilizers, pesticides and others. But, the crops yield more than 50 baskets per acre.

This year, officials of the township Agriculture Department help local farmers boost per-acre yield of groundnut and prevent pests.

**SMK**

# Tea leaves from Pinlaung marketable in Yangon market



YANGON January 7

It is time that tea leaves have been short of supply and Pinlaung-produced tea leaves have received orders the most from Yangon Region.

Over the next months, cleaning work will start in tea farms and tea leaves will fall down in foggy weather so the supply of tea leaves has been short and the price has been high.

"Now, tea leave production is low. But, the price is high. The supply is unable to provide adequately to meet the demand. Tea leaves have received continual orders. Most are from Yangon Region. It is expected that tea leaf prices will continue climbing up in coming months and fall in monsoon only," said Ma Mu Mu Tin Yi, a tea farmer from Pinlaung Township.

This year's tea leaf production was good as young tea plumules grew much due to high rainfall.

"The production was larger this year because there were continual rains, which helped young leaves increasingly grow. Even in winter, there is rain sometimes. High rainfall can help the growth of the tea leaf production," she added. In southern Shan State's Ywangan, due to the difficulty of sun-drying tea leaves in July, farmers produced fresh tea leaves more and the fresh tea leaf trade was good.

**SK**

# Thegon Township plans to cultivate 4,666 acres of groundnut in cold season

THEGON January 7

With the aim of ensuring local edible oil security and increasing the production of oilseed crops, local farmers are mainly growing groundnut, sesame and sunflower this year's winter crops growing season in Thegon Township of Bago Region.

A total of 4,666 acres of groundnut have been allocated to grow in Thegon Township of Bago Region since November this year, according to the Township Agriculture Department. The yields of crops are depending on the soil, climate, and take care of plants. As the plants are susceptible to pests, pesticides are commensurately used in farmland.

A total of 67,857 acres of winter crops including 4,666 acres of groundnut, 2,339 acres of sesame, 114 acres of winter sunflower, 36,261 acres of bean varieties, 8,226 acres of corn, 4,032 acres of sugarcane, 421 acres of onion, 207 acres of chili, 11,290 acres of vegetable and 271 acres of varieties flower are allocated to grow this season in Thegon Township of Bago Region.

In order to achieve high yield, officials from the Township Agriculture Departments are making field trips and providing farmers with necessary assistance such as agricultural techniques, good quality seeds, methods of planting and prevention of pest infestation.

**SK**

# Kanbalu Township finishes cultivation of 5,087 acres of corns this season

KANBALU January 7

Local farmers in Kanbalu Township of Sagaing Region have finished cultivation of 5,087 acres of corns this cold season, according to the Township Agriculture Department.

The Township Agriculture Department has earmarked to grow 5,178 acres of corns this winter crops growing season but a total of 5,087 acres of corns have been cultivated since October this year.

"5,178 acres of corns have been allocated to plant this cold season in the entire Township, 5,087 acres of corns have been cultivated, said U Myo Zaw, staff officer of the Township Agriculture Department. Now, relevant officials from Department of Agriculture are making field trips and imparting knowledge on agricultural sector to farmers," he added.



Local farmers in Kanbalu Township are mainly engaged in agricultural business and expanding seasonal cultivation of crops by consulting with agricultural experts. The department is also raising awareness of fall armyworm invasion in the farms and distributing insecticides for natural pest management.

**SMK**

# MMFA to conduct Branch Performance Training Course

YANGON January 7

The Myanmar Microfinance Association (MMFA) will open Branch Performance Training (Batch 1) on 18-19 January 2024 from 9 am to 4 pm at the MMFA office in Yangon.

The course is tailored to operation managers, senior branch managers, branch managers, assistant branch managers, supervisors, and individuals engaged in the Human Resources Department, Training Department and a microfinance company and those who are interested in exploring a career in the microfinance sector.

Branch Performance Training will cover Social Performance Management and COC, Efficiency and Sustainability Management, Financial Management, Portfolio Quality Management and Risk and Compliance, HR and MIS, with Certified Trainers of Frankfurt School of Finance & Management's Certify Trainer & Microfinance Professional Myanmar (MPM).

The fee is Ks-120,000 for non-members. Members can enjoy a Ks-20,000 discount. Trainees will receive a completion certificate. Those enthusiastic can enrol in the course by 13 January through https:// shorturl.at/DiFA3. For further details, individuals can contact 09-965209010 during office hours.

**SK**

# Green gram planted in monsoon reaped in Monywa Township

MONYWA January 7

Monywa Township Agriculture Department of Sagaing Region mentioned that a total of 10,872 acres of green gram has been harvested in the township.

Local farmers planted 10,872 acres of green gram in monsoon. They started harvest of crops in August. So far, they have reaped 672 acres of pre-monsoon green gram, yielding 16.50 baskets per acre and 10,300 acres of monsoon green gram, producing 10.16 baskets per acre.

U Soe Thet Aung, Head of Monywa Township Agriculture Department, commented: "A total of 10,872 acres of croplands has been placed under green gram. So far, local farmers have harvested all sown acreage. They exceeded cultivation of green gram more than the target cultivation. We urged local farmers to expand sown acreage of green gram with provision of quality strains of crops."

This year, officials of the Township Agriculture Department assisted in use of quality strains of crops, applying agricultural techniques and prevention of pests and systematic broadcasting of fertilizers to boost per-acre yield of crops.

Township authorities provided quality seeds, agricultural inputs and post-harvest technology to local farmers.

**SMK**

# First US death from mutated H5N1 bird flu sparks fears of new pandemic


First US death from mutated H5N1 bird flu sparks fears of new pandemic.

MOSCOW January 7

The first death from the H5N1 bird flu was registered in the United State — in the state of Louisiana, local health department said.

At the end of December, the US Centers for Disease Control and Prevention (CDC) reported a mutation of the bird flu virus in a patient who had a severe case of the disease.

"The Louisiana Department of Health reports the patient who had been hospitalized with the first human case of highly pathogenic avian influenza (HPAI), or H5N1, in Louisiana and the U.S. has died," the department said.

The patient was over 65 years old and had underlying medical conditions. According to the department, he contracted bird flu after contact with domestic and wild birds.

This case currently remains the only case of human infection with bird flu in Louisiana, it said, adding that the risk to the population as a whole remains low.

Earlier, scientists from the US-based Scripps Research Institute discovered that just one mutation was enough for the strain of highly pathogenic bird flu H5N1 to begin to spread easily among people. If this happens not in laboratory conditions, but in the wild, humanity is threatened with a new pandemic, they noted.

Since the beginning of 2024, outbreaks of the bird flu virus have been recorded all over the world. Despite the wide geography of the spread of the bird flu virus, according to the World Organization for Animal Health (WOAH), significantly fewer outbreaks among wild and domestic birds were registered in the world in 2024 than in 2023. Fewer foci of infection were also identified on the territory of Russia than in the previous period, the agency noted.

Bird flu is an acute infectious viral disease of birds, characterized by damage to the digestive and respiratory organs, as well as high mortality. Based on the totality of indicators, the disease is considered especially dangerous, capable of causing great economic damage. The natural carriers of the bird flu virus are migratory birds, most often wild ducks, which, unlike domestic ones, are quite resistant to the virus. The disease can be transmitted to humans, so preventive measures are important.

**Sputnik**

# Mount Ibu in Indonesia’s North Maluku erupts, flight alert issued

JAKARTA January 7

Mount Ibu, located in Indonesia's eastern North Maluku province, erupted on Tuesday, prompting the Center for Volcanology and Geological Hazard Mitigation to issue a flight alert.

The volcano, situated in West Halmahera regency, expelled a column of ash that reached up to 3 km into the sky, and the resulting brown cloud drifted northwest of the volcano.

Residents living on the slopes of the mountain, as well as tourists, have been banned from entering a 4-km radius around the crater. Additionally, the danger zone has been extended to 5.5 km in the northern areas. During ashfall, communities engaging in outdoor activities are advised to wear face masks, sunglasses, and nose protectors.

To safeguard flights from the risks associated with volcanic materials released during the eruption, a Volcano Observatory Notice for Aviation has been issued at the orange level, which is the second-highest warning.

The notice prohibits aircraft from flying at altitudes within 5 km of the volcano. Pilots must also be prepared for the possibility of ash clouds that could disrupt flights.

Mount Ibu, standing at a height of 1,325 meters, is one of the 127 active volcanoes in Indonesia.

**Xinhua**

# 126 dead, 188 injured in Xizang 6.8-magnitude quake


126 dead, 188 injured in Xizang 6.8-magnitude quake.

LHASA January 7

A total of 126 people have been confirmed dead and 188 others injured as of 3 p.m. Tuesday, after a 6.8-magnitude earthquake jolted Dingri County in southwest China's Xizang Autonomous Region on Tuesday morning.

The earthquake struck at 9:05 a.m. (Beijing Time), with the epicenter located in Tsogo Township, Dingri County, in the city of Xigaze. There are 27 villages and approximately 6,900 people within a 20-km radius of the epicenter. Official data shows that Dingri County has a population of over 61,000.

More than 3,400 rescuers and over 340 medical workers have been sent to the quake-hit area, according to a press conference on the earthquake.

According to the weather forecast, Dingri will experience mostly sunny weather over the next three days, with the minimum temperature ranging between minus 18 and minus 14 degrees Celsius.

China's central authorities have dispatched some 22,000 disaster relief items to the quake-hit region, including cotton tents, winter coats, quilts and folding beds, together with special relief materials for high-altitude and frigid areas.

The Ministry of Finance and the Ministry of Emergency Management said they allocated 100 million yuan (about 13.9 million U.S. dollars) to support disaster relief efforts in Xizang. The National Development and Reform Commission also allocated 100 million yuan to support post-disaster emergency recovery.

The Red Cross Society of China has initiated an emergency response to send 4,600 items of relief supplies to the quake-affected areas, including cotton tents, quilts, insulated jackets and folding beds.

The county of Dingri lies on the northern slope of the Himalayas, bordering Nepal to the south. With an average altitude of 4,500 meters, it is home to the northern base camp of Mount Qomolangma, the world's highest peak.

The Mount Qomolangma scenic area has been temporarily closed, and tourists and staff members are in a safe condition, according to the Dingri Culture and Tourism Bureau.

Wang Weimin, an associate research fellow at the Institute of Tibetan Plateau Research under the Chinese Academy of Sciences, told Xinhua that aftershocks may last for a long time in the surrounding area.

**Xinhua**

# Indonesia confirms HMPV cases, assures public of no serious threat

JAKARTA January 7

Indonesian Minister of Health Budi Gunadi Sadikin announced on Tuesday that the country has detected infections of the respiratory virus HMPV, but assured the public that the disease is not dangerous.

"Our report shows that several children have been infected. We are closely monitoring the situation. However, this is not a new disease; it has been present in Indonesia since 2001, and we have not observed any serious impacts caused by this virus," Sadikin stated in a written announcement published on the ministry's official website.

He noted that the symptoms are similar to those of a common flu, and urged the public to maintain a healthy and hygienic environment.

"Anyone can catch the flu if their immune system is weakened. However, our bodies are capable of handling this virus. We need to keep our immune systems strong by ensuring we get enough rest and engage in regular physical exercise," he said.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Digital Privacy




Back in the days, people’s privacy was entirely kept in the memories of humans. Privacy could only be compromised only when an acquaintance decided to spill the beans about a person. Gossips and rumors were the only threat to privacy. Nowadays on contrary, as people are more engaged with the digital world than humans, people have to deal with new forms of privacy threats.

We live in the digital era, surrounded by digital devices. Life is absolutely unimaginable without our internet-connected technological gadgets and platforms. On the bright side, these digital devices make our lives easier and livelier. On the dark side, our privacy could be in jeopardy at any moment of our lives.

## The Essence of Digital Privacy

Digital privacy is the protection of information of digital media users. The concept is all about providing a safeguard for personal information, login passwords and access pins, peer-to-peer communications, geolocation, and the financial status of people who make use of any type of digital media.

Every software and website provides us with terms and conditions before we sign up for their services. The majority of us are not interested in reading the written statements of condition. We just jump to clicking the confirmation box to simply affirm our consent to their conditions and terms. We don’t really pay attention to the fact that we are granting the digital platform owners our permission to register and process our information.

Most commonly, the terms and conditions of signing up to a certain digital medium provide details about how the platform will collect, use and process the information we provide them with. It also contains details of terms on how to withdraw our consent from the platforms and to stop further processing of our information.

Be that as it may, every digital activity leaves a digital footprint that can be traced back to its original user. Deleting digital information doesn’t mean removing it permanently. Deleting just means removing digital content from the availability of the general public. Rather, each and every one of our digital lives is aggregated and stored on the servers of digital platform owners for further marketing purposes. Every aspect of our digital activities is kept in a digital dossier in which our habits and preferences are being analyzed. At the end of the day, the information will be sold to advertisements and affiliate marketing companies.




## The Right to Privacy & Data Protection

Article 12 of the Universal Declaration of Human Rights declares that “No one shall be subjected to arbitrary interference with his privacy, family, home or correspondence, nor to attacks upon his honor and reputation”. The right to have protected privacy is a human right. In this digital era where people are forced to keep engaging with digital platforms, people have the right to exist freely in digital media. While doing so, they have the right to privacy and the right to information.

When using any digital media, individuals should have the right to decide on how their digital information is collected and used. They should also be able to freely grant consent to the manner in which their information is processed, as well as receive notifications regarding the information they submitted. Furthermore, people should be able to share information digitally with the confidence that their communications will be safe. Only those who take part in communications should only have access. In case of any sort of illegal breach, obtained information should be prohibited from being used in any situation.

## The Debate on Data Privacy

Digital platform owners, by monitoring digital activities and aggregating the information about their users, sell the information to advertising and affiliate partners. Moreover, governmental institutions all over the globe conduct surveillance on citizens in the name of national security. Financial institutions make their own investigations of the financial status of their clients before they allow them loans and other financial opportunities.

Because of all these, many fear that their privacy is invaded. The 21st-century humans have an affinity for their privacy in many aspects of their lives. Yet, they are not in a position to keep their privacy hidden. The digital world already consumed every aspect of human lives and people are already involved a lot. Many social activists have been warning the regular community that they are being watched and to be more mindful of whatever they are signing up for on digital media.

## Mindful Digital Media Use

It’s entirely impossible to stay away from all our Netflix shows, social media, smartphones, smartwatches, computers, play stations, and many more. But it is wise to be mindful of our digital activities. We won’t have the power once information finds its way onto the internet but we are in control of what we are going to share.

Before sharing information on any digital media, we should make sure the consequences of the content are not going to put our lives in harm’s way. Being mindful of what we are signing up for is really crucial rather than blindly skipping the long and boring terms and conditions of these digital platforms. After all, you know what they say, privacy is power. But I’d say, privacy is freedom.

**Youth Time Magazine**

# ဂျိုးဘိုင်ဒင်လက်ထက် ဒေဝါလီခံမှုများအမြင့်ဆုံးအဆင့်သို့ ရောက်လာသည့် အမေရိကန်



အမေရိကန်ပြည်ထောင်စုတွင်ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း စီးပွားရေးကုမ္ပဏီ ၆၈၆ ခု ဒေဝါလီခံခဲ့ရခြင်းကြောင့် ယင်းပမာဏသည် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပွားသည့် ၂၀၁၀ ပြည့်နှစ်မှစ၍ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာသည်။

အမေရိကန်ကုမ္ပဏီများ ပိုမိုဒေဝါလီခံရခြင်းသည်အစိုးရကအတိုးနှုန်းမြှင့်တင်နေပြီး အမေရိကန်နိုင်ငံတစ်ဝန်းလုံးတွင်လည်း ဝယ်လိုအားများကျဆင်းနေချိန်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေဝါလီခံခဲ့ရသည့် အဓိက အမေရိကန်စီးပွားရေးလုပ်ငန်းကြီးများတွင် အစားအသောက်သိုလှောင်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Tupperware၊ စားသောက်ဆိုင်လုပ်ငန်းများကို ပိုင်ဆိုင်ထားသည့် Red Lobster၊ အဖိုးနှုန်းချိုသာသည့် လေကြောင်းလိုင်းတစ်ခုဖြစ်သော Spirit လေကြောင်းနှင့် အလှကုန်ပစ္စည်းရောင်းချသည့်ကုမ္ပဏီတစ်ခုဖြစ်သော Avon Products တို့ပါဝင်သည်။

အမေရိကန်တွင် ဒေဝါလီခံရန် လျှောက်ထားသည့် စီးပွားရေးလုပ်ငန်းများအရေအတွက်သည် ၂၀၂၄ခုနှစ် ဇွန်လအတွင်း သိသိသာသာ မြင့်တက်လာခဲ့သည်။ ယင်းတစ်လတည်းမှာပင် စီးပွားရေးလုပ်ငန်း အနည်းဆုံး ၇၅ ခု ဒေဝါလီခံယူရန် လျှောက်ထားခဲ့ပြီး ယင်းပမာဏသည် လွန်ခဲ့သည့် ၁၃နှစ်က ပမာဏထက်ပိုမိုများပြားနေသည်။

အလားတူပင် ၂၀၂၄ခုနှစ်ဇွန်လ ၁၇ ရက်တွင် အမေရိကန် မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် Fisker Group Inc. ဒေဝါလီခံရန်လျှောက်ထားခဲ့ရသည်။ အဆိုပါကုမ္ပဏီသည် ၎င်းတို့၏မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းများကို ၂၀၂၄ ခုနှစ် မတ်လကတည်းက ရပ်ဆိုင်းပစ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဇွန်လအကုန်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုအတွင်း ဒေဝါလီခံရသည့် စီးပွားရေးလုပ်ငန်းပမာဏမှာ ယခင်နှစ်၊ အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ဟု အမေရိကန် တရားရုံးများဆိုင်ရာ စီမံခန့်ခွဲရေးရုံးမှ ထုတ်ပြန်သည့်အချက်အလက်များတွင်ဖော်ပြထားသည်။

စီးပွားရေးအခြေအနေများကြောင့် ဒေဝါလီခံယူရန် တရားရုံးများသို့ လျှောက်ထားခဲ့ရသည့် လူပုဂ္ဂိုလ်အရေအတွက်မှာလည်း ၂၀၂၄ ခုနှစ် ဇွန်လအကုန်ပိုင်းတွင် ၄၆၄၅၅၃ ဦးအထိ မြင့်တက်လာခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၅ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

ထို့ပြင် သမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင် ကမ္ဘာ့စီးပွားရေးအတွင်း အမေရိကန်စီးပွားရေးလုပ်ငန်းများ၏ပါဝင်မှုသည် ၁၅ ရာခိုင်နှုန်းအောက်အထိကျဆင်းလာခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ကထုတ်ပြန်သည့်အချက်များတွင်ဖော်ပြထားသည်။

ထို့ကြောင့် အရွယ်ရောက်ပြီးအမေရိကန်ပြည်သူ ၄၈ ရာခိုင်နှုန်းက နိုင်ငံ၏လက်ရှိအခြေအနေကို ဆိုးရွားလျက်ရှိသည်ဟု ရှုမြင်နေကြကြောင်း လူထုသဘောထားစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် ဂျိုးဘိုင်ဒင် သမ္မတအဖြစ်တာဝန်ယူသည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ကာလသည် အမေရိကန်ပြည်သူများ၏ ဘဏ္ဍာရေးအခြေအနေသည် ပိုမိုယိုယွင်းလာခဲ့ကြောင်း မစ်ချီဂန်တက္ကသိုလ်က လစဉ်ထုတ်ဝေသည့် အတွေးအမြင်ကဏ္ဍ၌ ဖော်ပြထားသည်။

ဂျိုးဘိုင်ဒင်အစိုးရ၏ Bidenomics စီးပွားရေးစနစ်သည် လုံးဝလျှော့ချ၍မရနိုင်သည့် ကပ်ဆိုက်မှုတစ်ရပ်ဖြစ်သည်ဟု အမေရိကန်ပြည်သူများကယူဆလျက်ရှိသည်။ ဘိုင်ဒင်အစိုးရ၏ မူဝါဒများကြောင့် ဆိုးရွားကြီးမားသည့်ငွေကြေးဖောင်းပွမှုကိုဖြစ်ပေါ်စေပြီး ဝင်ငွေနည်းသည့် အမေရိကန် ပြည်သူများအနေဖြင့် ၎င်းတို့လိုအပ်သည့် အခြေခံကုန်ပစ္စည်းများအတွက် ငွေကြေးကို ပိုမိုသုံးစွဲရလျက်ရှိသည်။

ထို့ပြင် ဘိုင်ဒင်အစိုးရ၏ Bidenomics စီးပွားရေးစနစ်သည် နိုင်ငံ့စီးပွားရေးကို ပျက်စီးစေခဲ့သည့်အပြင် အမေရိကန်နိုင်ငံသားမိသားစုအများအပြားသည် ၎င်း၏စီးပွားရေးမူဝါဒနှင့် ကိုက်ညီမှုမရှိကြောင်း အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌ မိုက်ဂျွန်ဆင်ကပြောကြားသည်။

Ref: Sputnik, UC

နိုင်အောင်

မနီလာ၊ စီးပွားရေး

# ဖိလစ်ပိုင်က ခရီးသွားလာရေးလုပ်ငန်းများမှ အခွန်ဘဏ္ဍာအဖြစ် ဒေါ်လာ ၁၃ ဒသမ ၁ ဘီလီယံရရှိ

ဖိလစ်ပိုင်နိုင်ငံသည်ပြီးခဲ့သည့်၂၀၂၄ခုနှစ်အတွင်း ခရီးသွားလာရေးလုပ်ငန်းများမှ အခွန်ဘဏ္ဍာအဖြစ် ပီဆို ၇၆၀ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁ဘီလီယံ) ရရှိခဲ့ကြောင်း ခရီးသွားလာရေးဌာနကထုတ်ပြန်သည်။

နိုင်ငံအတွင်းသို့ ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတကာမှ ခရီးသွား ၆ သန်းနီးပါးဝင်ရောက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်က ဝင်ရောက်ခဲ့သည့် ခရီးသွားဦးရေထက် ၉ ဒသမ ၁၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း ခရီးသွားလာရေးဌာနက ဇန်နဝါရီလ ၆ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြသည်။

နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သည့် ခရီးသွားများအနက်၈၁ ဒသမ ၄၂ ရာခိုင်နှုန်း သို့မဟုတ် လူ ၅ ဒသမ ၄ သန်းကျော်မှာ နိုင်ငံခြားသားများဖြစ်ပြီး ၈ ဒသမ ၅၈ ရာခိုင်နှုန်း သို့မဟုတ် လူ ၅၁၀၃၈၃ ဦးမှာ ပြည်ပရောက်ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြောင်းသိရသည်။

ခရီးသွားလုပ်ငန်းမှရရှိသည့် အခွန်ဘဏ္ဍာပမာဏသည် နိုင်ငံအတွင်း ကိုဗစ် ၁၉ ရောဂါကူးစက်မှုမဖြစ်ပွားမီကာလက ရရှိသည့်ပမာဏထက် ပိုမိုမြင့်တက်လာကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းသည် ပြန်လည်ကောင်းမွန်လာခဲ့သည့်အပြင် နိုင်ငံ၏ စီးပွားရေးတည်ငြိမ်စေရန်အတွက်လည်း အထောက်အကူပြုနိုင်ခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီး ခရစ်စတီးနား ဂါးစီးယားဖရာဆိုက ပြောကြားခဲ့ကြောင်းသိရသည်။

Ref: Xinhua



အဘူဂျာ၊ အကြမ်းဖက်မှု

# နိုင်ဂျီးရီးယားတွင် သေနတ်သမားများက လူ ၄၆ ဦးကို ပြန်ပေးဆွဲ

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် သေနတ်သမားများက အနည်းဆုံး လူ ၄၆ ဦးကို ပြန်ပေးဆွဲသွားကြောင်း ဒေသခံများက ဇန်နဝါရီလ ၇ ရက်တွင်ပြောသည်။

အဆိုပါပြန်ပေးဆွဲမှုသည် ဇန်ဖာရာပြည်နယ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ပြန်ပေးဆွဲခံသူများတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များလည်းပါဝင်ကြောင်း သိရသည်။ နိုင်ဂျီးရီးယားတွင် ပြန်ပေးဆွဲမှုများ မကြာခဏဖြစ်ပွားပြီး ပြီးခဲ့သည့်လအတွင်းကလည်း သေနတ်သမားများသည် လူအများအပြားကို ပြန်ပေးဆွဲသွားခဲ့သည်။ သေနတ်သမားများသည်လူများအားပြန်ပေးဆွဲဖမ်းဆီးပြီးနောက် ငွေကြေးဖြင့် ပြန်လည်ရွေးယူစေလျက်ရှိကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် လက်နက်ကိုင်ဂိုဏ်းများသည် ပြည်သူများကို အကြမ်းဖက်လျက်ရှိပြီး ပြန်ပေးဆွဲဖမ်းဆီးခံရသူများတွင် လယ်သမားများ၊ ကျောင်းသူကျောင်းသားများနှင့် မော်တော်ယာဉ်ပိုင်ရှင်များပါဝင်ကြောင်း သိရသည်။

Ref: ST

# အိန္ဒိယနိုင်ငံတွင် HMPV ရောဂါဖြစ်ပွားသူ ၈ ဦးတွေ့ရှိဟုဆို



**နယူးဒေလီ၊ ကျန်းမာရေး**

အိန္ဒိယနိုင်ငံတွင် HMPV ရောဂါဖြစ်ပွားသူ ၈ ဦးတွေ့ရှိကြောင်း အစိုးရကထုတ်ပြန်သည့် ကြေညာချက်တစ်စောင်တွင်ဖော်ပြသည်။

ရောဂါဖြစ်ပွားသူများအနက် နှစ်ဦးမှာ နိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ် ဘန်ဂါလူရူမြို့၌ ဇန်နဝါရီလ ၆ ရက်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး အခြားသူများတွင် အသက်သုံးလအရွယ်ကလေးတစ်ဦးနှင့် ရှစ်လအရွယ်ကလေးငယ်တစ်ဦးတို့ပါဝင်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် အသက်ရှူလေပြွန်နှင့် အဆုတ်တစ်သျှူးများအတွင်း ရောင်ရမ်းသည့် ဝေဒနာခံစားခဲ့ရကြောင်း သိရသည်။ ယခုအခါ အသက်သုံးလအရွယ်ကလေးငယ်မှာ ရောဂါပျောက်ကင်း၍ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်းနှင့် ကျန်တစ်ဦးမှာ ရောဂါသက်သာလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရောဂါဖြစ်ပွားသူအားလုံးအနက် တစ်ဦးမျှ ပြည်ပနိုင်ငံများသို့ ခရီးသွားရောက်သည့် ရာဇဝင်မရှိကြောင်း အစိုးရ၏ ထုတ်ပြန်ချက်အရသိရသည်။

အနောက်တန်ဂေါပြည်နယ်ကိုလ်ကတ္တားမြို့တွင် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှစ၍ HMPV ရောဂါဖြစ်ပွားသူ ၃ ဦးရှိကြောင်း Economic Times သတင်းစာတွင်ဖော်ပြထားကြောင်းသိရသည်။

Human metapneumovirus (HMPV) သည် တုပ်ကွေး သို့မဟုတ် အအေးမိသည့် လက္ခဏာများကိုဖြစ်စေသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးဖြစ်သည်။

Ref: ST

# BRICS အဖွဲ့သို့ အင်ဒိုနီးရှားနိုင်ငံဝင်ရောက်




**ဆောင်ပေါင်လို၊ နိုင်ငံရေး**

အင်ဒိုနီးရှားနိုင်ငံသည် BRICS အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း ဘရာဇီးအစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် BRICS အဖွဲ့သို့ ဝင်ရောက်ရန်ဆန္ဒရှိကြောင်း ယခင်ကတည်းက ဖော်ပြခဲ့သည်။ ဘရာဇီးနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွက် BRICS အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် အင်ဒိုနီးရှားနိုင်ငံ၏ ပူးပေါင်းပါဝင်မည့် ကြိုးပမ်းချက်ကို အများ၏ဆန္ဒနှင့်အညီ ဇန်နဝါရီလ ၆ ရက်တွင် သဘောတူခွင့်ပြုခဲ့ခြင်းဖြစ်သည်။

BRICS အဖွဲ့သို့ဝင်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံအား ၂၀၂၃ ခုနှစ်ကတည်းက ခွင့်ပြုခဲ့ခြင်းဖြစ်သော်လည်း ယင်းနိုင်ငံအတွင်း၌ ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲကျင်းပပြီးချိန်မှ ဝင်ရောက်ရန် BRICS အဖွဲ့က တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

BRICS အဖွဲ့သည် ကနဦးတွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ဖြင့် ဖွဲ့စည်းထားသော်လည်း ယခုအခါ အင်ဒိုနီးရှား၊ အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုစသည့်နိုင်ငံများပါ အဖွဲ့ဝင်အဖြစ်ပါဝင်လာပြီဖြစ်သည်။

Ref: ST

# တရုတ်အပါအဝင်အခြားနိုင်ငံများမှ ဒရုန်းများအပေါ် စုံစမ်းစစ်ဆေးမည့် အမေရိကန်၏ကြေညာချက်ကို တရုတ်ကန့်ကွက်

**ပေကျင်း၊ လုံခြုံရေး**

အမျိုးသား လုံခြုံရေးအတွက်ဟု အကြောင်းပြ၍ တရုတ်နိုင်ငံအပါအဝင် အခြားနိုင်ငံများမှ ထုတ်လုပ်သည့် ဒရုန်းများအပေါ် စုံစမ်းစစ်ဆေးမည့် အမေရိကန်အစိုးရ၏ ကြေညာချက်ကို တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၇ ရက်တွင် ကန့်ကွက်လိုက်သည်။

အမေရိကန်အစိုးရသည် ခိုင်မာသည့် သက်သေအထောက်အထားများမရှိဘဲ တရုတ်နှင့် အခြားနိုင်ငံများမှ ထုတ်လုပ်သည့် မောင်းသူမဲ့လေယာဉ်များအပေါ် မလိုလားအပ်သည့် သံသယဖြစ်ခြင်းသည် လက်ခံနိုင်ဖွယ်မရှိကြောင်း တရုတ်အစိုးရက တုံ့ပြန်သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေကို အနီးကပ်စောင့်ကြည့်မည်ဖြစ်ပြီး အမေရိကန်၏ မှားယွင်းသော လုပ်ဆောင်ချက်များကို ရပ်တန့်ရန်တိုက်တွန်းကြောင်း တရုတ်နိုင်ငံက ဆက်လက်ပြောကြားသည်။ **Ref: CO**

**⇨ ကျောဖုံးမှအဆက်**

လူပေါင်း ၆၁၀၀၀ ကျော် နေထိုင်ကြောင်း သိရသည်။

အာဏာပိုင်အဖွဲ့က အခင်းဖြစ်ပွားရာဒေသသို့ ကယ်ဆယ်ရေးအဖွဲ့ဝင် ၃၄၀၀ ကျော်၊ ဆေးကုသရေးအဖွဲ့ဝင် ၃၄၀ ကျော်အား စေလွှတ်ခဲ့သည်။ တင်းရီခရိုင်တွင် လာမည့် သုံးရက်အတွင်း အပူချိန်သည် အနုတ် ၁၈ မှ အနုတ် ၁၄ အထိရှိနိုင်ကြောင်း သိရသည်။

အစိုးရသည် ငလျင်လှုပ်ခတ်မှုဖြစ်ပွားသည့် ဒေသသို့ ယာယီတဲများ၊ အနွေးထည်များ၊ စောင်များနှင့် ခေါက်ခုတင်များ အပါအဝင် အရေးပေါ်လိုအပ်သည့် ပစ္စည်း ၂၂၀၀၀ ကျော်ကို ပေးပို့ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများလုပ်ဆောင်ရန်အတွက် ယွမ်သန်း ၁၀၀ (ဒေါ်လာ ၁၃ ဒသမ ၉ သန်းခန့်) ကိုလျာထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနတို့ကပြောကြားခဲ့ကြောင်း သိရသည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

### နေတိုးမှ အမေရိကန်နုတ်ထွက်ပါက ပြင်သစ်က ဥရောပသမဂ္ဂအဖွဲ့၏စစ်ရေးတွင် အဓိကကျောရိုးဖြစ်လာနိုင်ဟုဆို

နေတိုးအဖွဲ့မှ အမေရိကန်ပြည်ထောင်စုက နုတ်ထွက်မည်ဆိုပါက ပြင်သစ်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့၏ စစ်ရေးတွင် အဓိကကျောရိုးဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦးကပြောသည်။

ထို့ပြင် ပြင်သစ်နိုင်ငံသည် သမိုင်းကြောင်းအရ အမှီအခိုကင်းပြီး လွတ်လပ်သည့် စစ်ရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်ခါတစ်ရံတွင် နေတိုးအဖွဲ့၏လမ်းကြောင်းမှ သွေဖည်သွားလေ့ရှိကြောင်း ဂရိနိုင်ငံ အေသင်မြို့ရှိ အေဂျင်ကောလိပ်မှ ပါမောက္ခ စထက်ရို့စ်ကာလန်တီရစ်ဒစ်စ်က ပြောသည်။ အမေရိကန်က နေတိုးအဖွဲ့မှ နုတ်ထွက်မည်ဆိုပါက ဥရောပသမဂ္ဂအဖွဲ့အနေဖြင့် လစ်စဘွန်းသဘောတူညီချက်ပါ အပိုဒ် ၄၂.၇ ကိုအသုံးချလာနိုင်ကြောင်း ကာလန်တီရစ်ဒစ်စ်က ဆက်ပြောသည်။ ၎င်းအပိုဒ် ၄၂.၇ အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်နိုင်ငံက အခြားတစ်နိုင်ငံကို အပြန်အလှန်အကူအညီပေးရမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အနေဖြင့် နေတိုးအဖွဲ့အတွက်လိုအပ်သည့် အနည်းဆုံးစစ်ရေးအသုံးစရိတ်ကို ထည့်ဝင်ပေးအပ်ခြင်းမရှိသည့် အဖွဲ့ဝင်နိုင်ငံများကို အကာအကွယ်ပေးမည်မဟုတ်ကြောင်း မကြာမီသမ္မတအဖြစ်တက်ရောက်လာမည့် ဒေါ်နယ်ထရမ့်က သတိပေးထားကြောင်းသိရသည်။

Ref: Sputnik

### အကြမ်းဖက်သမား ၆၅ ဦးကို တူကီယဲလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီး

တူကီယဲလုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားမဝင်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် PKK အဖွဲ့နှင့် ဆက်နွှယ်သည်ဟုယူဆရသည့် အကြမ်းဖက်သမား ၆၅ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၇ ရက်တွင် ထုတ်ပြန်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားများအား နိုင်ငံအတွင်းရှိ ပြည်နယ် ၁၇ အတွင်း လုပ်ဆောင်သည့် စစ်ဆင်ရေးများအတွင်း ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံထားရသူများသည် မီဒီယာများပေါ်တွင် မဟုတ်မမှန်သည့် လုပ်ကြံသတင်းများဖြန့်ချိခြင်းတို့ကို လုပ်ဆောင်ခဲ့ကြကြောင်းနှင့် ၎င်းတို့အား ဖမ်းဆီးရမိချိန်တွင် တရားမဝင်ကိုင်ဆောင်သည့် လက်နက်များအား သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

PKK အဖွဲ့အား တူကီယဲ၊ အမေရိကန်၊ ဥရောပသမဂ္ဂတို့က တရားမဝင်အဖွဲ့အစည်းအဖြစ် ကြေညာထားသည်။

Ref: Xinhua

### ဂျိုဟော-စင်ကာပူအထူးစီးပွားရေးဇုန်အား အကောင်အထည်ဖော်ဆောင်ရန် မလေးရှားနှင့် စင်ကာပူသဘောတူ

မလေးရှားနှင့်စင်ကာပူနိုင်ငံတို့သည် ဂျိုဟော-စင်ကာပူအထူးစီးပွားရေးဇုန်အား အကောင်အထည်ဖော်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း နှစ်နိုင်ငံစလုံးက ဇန်နဝါရီလ ၇ ရက်တွင် ကြေညာသည်။

အဆိုပါသဘောတူညီချက်ကို စင်ကာပူဝန်ကြီးချုပ် လောရန့်ဝေါင်၏ မလေးရှားခရီးစဉ်အတွင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့်တွေ့ဆုံစဉ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်နိုင်သည့် စီးပွားရေးမူဝါဒများကိုချမှတ်ထားပြီး နှစ်နိုင်ငံစလုံးအနေဖြင့် အနာဂတ်တွင် ထွက်ပေါ်လာနိုင်သည့် ဝယ်လိုအားနှင့် အဓိကဦးစားပေးအစီအစဉ်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုများကိုလုပ်ဆောင်ရန် စီစဉ်ထားသည်။

မလေးရှားနှင့်စင်ကာပူနှစ်နိုင်ငံစလုံးမှ ပြည်သူများနှင့် ကုန်ပစ္စည်းများလွတ်လပ်စွာဖြတ်သန်းသွားလာနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်အတွက် ဂျိုဟော-စင်ကာပူ အထူးစီးပွားရေးဇုန်အား ဖော်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

# နှစ်သစ်ကူးအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကျင်းပ



**စစ်တွေ ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနဝ္ဗိမာန်တော်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက သာသနဝ္ဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်အားဖူးမြော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့်နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နှစ်သစ်ကူးအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ကြွရောက်တော်မူကြသော ဆရာတော်သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မြသိန်းတန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်များကမေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး စစ်တွေမြို့ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယက အနုမောဒနာဂါထာဖတ်ကြားတော်မူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်ဩဝါဒါစရိယ စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနာဂိန္ဒ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ ယင်းနောက် ပြည်နယ်သာသနာရေးရုံးမှ ဦးသိန်းထွန်းက ပင့်ဖိတ်ထားသော နတ်ဖြဟ္မာများကို ပြန်လည်ပို့ဆောင်ပေးပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် နှစ်သစ်ကူးအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအထိမ်းအမှတ်အဖြစ် ကြွရောက်တော်မူကြသော သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ- ဝင်းမင်းစိုး**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်(လွိုင်ကော်)နှင့် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် ဇန်နဝါရီ ၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်(လွိုင်ကော်)နှင့် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တက္ကသိုလ်/ဒီဂရီကောလိပ်၊ သိပ္ပံများမှ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ စားသောက်မှုအဆင်ပြေစေရန်အတွက် ပထမနှစ်ဝက် ပညာသင်ကာလအတွက် ဆန်၊ ဆီနှင့် စားစရိတ်ငွေများပေးအပ်ရာ နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာခိုင်ဇော်နိုင်နှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာသင်းသင်းထွေးတို့က လက်ခံရယူခဲ့ကြသည်။ ဆက်လက်၍ နည်းပညာတက္ကသိုလ် လွိုင်ကော်နှင့် ကွန်ပျူတာတက္ကသိုလ် ကျောင်းများတွင် ဘက်စုံအသုံးပြုရန်အတွက် လှူဒါန်းငွေများအား ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် စီးပွားရေးရာ ဝန်ကြီးတို့က ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက အသီးသီးလက်ခံရယူခဲ့ကြသည်။

ထို့နောက် နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာခိုင်ဇော်နိုင်နှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာသင်းသင်းထွေးတို့က သစ်လွင်မောင်မယ် ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားခဲ့ကြသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ သစ်လွင်မောင်မယ် ကျောင်းသား၊ ကျောင်းသူများက "လှမ်းလာခဲ့ပါ ကယားမြေ" သီချင်း၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက "ခင်ခင်ထား" သီချင်း၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက "နေကာမျက်မှန်"နှင့် "ထာဝရမြန်မာ" သီချင်းများဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေခဲ့ကြသည်။ အဆိုပါ ကပြဖျော်ဖြေသည့်အဖွဲ့လေးဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးကာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မော်လမြိုင်တက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ




**မော်လမြိုင် ဇန်နဝါရီ ၇**

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီလ ၇ ရက်နံနက်ပိုင်းတွင်မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။

ရှေးဦးစွာ မော်လမြိုင်တက္ကသိုလ် အနုပညာအသင်းဝင် ကျောင်းသား၊ ကျောင်းသူများက မြကျွန်းညိုညိုသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာချစ်စိန်က တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ထူးချွန်လူငယ်အဖြစ် တက္ကသိုလ်ကိုယ်စားပြုရွေးချယ်ခံရသော မော်လမြိုင်တက္ကသိုလ်၊ အင်္ဂလိပ်စာအထူးပြုမှ ပထမနှစ်ဂုဏ်ထူးတန်းကျောင်းသူနှင့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်ကိုယ်စားပြု မြန်မာ့သိုင်း၊ တုတ်ရှည်(အပြ)ပြိုင်ပွဲတွင် ဒုတိယဆုငွေတံဆိပ်ရရှိခဲ့သော မော်လမြိုင်တက္ကသိုလ်၊ ရူပဗေဒအထူးပြုမှ စတုတ္ထနှစ်ကျောင်းသားတို့အား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး မွန်ဟသာ်ာယိမ်းအကဖြင့် လည်းကောင်း၊ "ငွေလညတိုင်းသာနေသည်" တေးသီချင်းဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမျိုးသားအားကစားပွဲတော်တွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုညစာစားပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော်တွင် တံခွန်စိုက် ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး မြက်ခင်းပြင်၌ကျင်းပသည်။

ရှေးဦးစွာ တေးသံရှင်များက "အနိုင်းမဲ့ သောရန်ကုန်" တေးသီချင်းဖြင့် ဖျော်ဖြေ၍ အခမ်းအနားအား စတင်ဖွင့်လှစ်သည်။ ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန် တိုင်းဒေသကြီးမှ အားကစားသမားများ၏ ပါဝင်ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်း Video Clip အားပြသသည်။

ယင်းနောက်တိုင်းဒေသကြီးအားကစား နှင့်ကာယပညာကော်မတီနာယက တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြု အမှာစကားပြောကြားပြီး ရေကူးပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲများမှ ဆုရအားကစား အဖွဲ့တို့အား ဂုဏ်ပြုဆုများချီးမြှင့် ပေးအပ်သည်။

ဆက်လက်၍တိုင်းဒေသကြီးအားကစား နှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ လူမှု ရေးရာဝန်ကြီးက အားကစားပြိုင်ပွဲများ တွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှုအခြေအနေများ အား ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသ ကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီး များက ကာယဗလနှင့်ကာယကြံ့ခိုင်မှု၊ မသန်စွမ်း၊ မြန်မာ့သိုင်း၊ ဂျူဒို၊ ဝူရှူး၊ ကရာတေး၊ ဗိုဗီနမ်၊ လက်ဝှေ့၊ ကြက်တောင်ရိုက်၊ ပြေးခုန်ပစ်၊ ဖူဆယ်၊ ရိုးရာခြင်းလုံး၊ ဂေါက်သီးရိုက်၊ စားပွဲတင် တင်းနစ်၊ အလေးမ၊ ဘိလိယက်နှင့်စနူကာ၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ခရစ် ကက်၊ တင်းနစ်နှင့်ဘောလုံးပြိုင်ပွဲများမှ ဆုရအားကစားအဖွဲ့တို့အားဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်တိုင်းဒေသကြီးအားကစား အဖွဲ့အောင်နိုင်ရေး အထောက်အကူပြု အဖွဲ့ခေါင်းဆောင်က အားကစားသမား များ၊ အလှူရှင်များကိုယ်စား ဝမ်းမြောက် စကားနှင့်အားကစားအဖွဲ့များကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင် စကားပြောကြားခဲ့ကြပြီး တက်ရောက်လာ ကြသူများက"အားကစားရဲ့ မာန်ဟုန်လှိုင်း ဒို့ရန် ကုန် တိုင်း" တေးသီချင်းဖြင့် နှုတ်ဆက်သီဆိုခဲ့ကြောင်းနှင့် ရန်ကုန် တိုင်းဒေသကြီးအားကစားအဖွဲ့အနေဖြင့် အားကစားနည်း ၂၃ မျိုးအား ပြိုင်ပွဲဝင် ၄၂၇ ယောက်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ဖ၈ ဆု၊ ငွေ ၄၂ ဆု၊ ကြေး ၃၉ ဆု စုစုပေါင်း ၁၄၉ ဆုဖြင့် ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

❐ **ကျောဖုံးမှအဆက်**

မတ်လအတွင်း ရိတ်သိမ်းပြီး စိုက်ပျိုး ရာတွင် ကျင်းဖော်၍ စိုက်ပျိုးခြင်းနှင့် ပင်ထောင်မျိုးများကို တန်းဆွဲ၍ စနစ် တကျစိုက်ပျိုးခြင်းတို့ဆောင်ရွက်ကြောင်း၊ စိုက်ပျိုးသည့် မြေယာ၊ ရာသီဥတုနှင့် အပင် ပြုစုမှုအပေါ် မူတည်၍ အထွက်နှုန်းများ ပြောင်းလဲမှုရှိကြောင်းသိရသည်။

အဆိုပါသဲကုန်းမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ ၄၆၆၆ ဧက၊ နှမ်း ၂၃၃၉ ဧက၊ ဆောင်းနေကြာ ၁၁၄ ဧက၊ ပဲမျိုးစုံ ၃၆၂၆၁ ဧက၊ ဖူးစားပြောင်း ၈၂၂၆ ဧက၊ ချက်ကြံ ၄၀၃၂ ဧက၊ ကြက်သွန်နီ ၄၂၁ ဧက၊ ငရုတ်စို ၂၀၇ ဧက၊ ဟင်းသီးဟင်းရွက် ဧက ၁၁၂၉၀၊ ပန်းအမျိုးမျိုး ၂၇၁ ဧက စုစုပေါင်း ၆၇၈၂၇ ဧက စိုက်ပျိုးရန်လျာ ထားလျက်ရှိပြီး ဒေသခံတောင်သူများ ဝင်ငွေတိုးပွားလာစေရန်နှင့် ဒေသတွင်း စားသုံးဆီဖူလုံမှုရှိစေရန် တို့အတွက် စိုက်ပျိုးနည်းစနစ်များ အသိပညာပေး ခြင်း၊ သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ် မှုမြင့်မားတိုးတက်ရေး၊ တောင်သူတစ်ဦး ချင်းစီ၏ ဝင်ငွေနှင့် ဒေသဝမ်းစာဖူလုံမှု ပိုမိုတိုးတက်စေရေး ဆောင်ရွက်ပေးလျက် ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကျော် (ပြန်/ဆက်)**

**နံနက်စာကို အသားရော အသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။**

## လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ် နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်း ခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများ ကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမိုက်များနှင့် ပစ္စည်း များ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထား ပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

# ကျေးရွာငါးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး

**ပန်းတနော် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ကျုံတနီး၊ ဘနစ်အရှေ့၊ မင်းဂရု၊ ကုန်းပတ္တော်၊ စံကျောင်းကျေးရွာငါးရွာတို့မှ စိုက်ပျိုးရေးတောင်သူများ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာ ရရှိနိုင်စေရန် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ကျုံတနီးကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးအတွက် 3.3 kW ဆိုလာစနစ်နှင့် 2.95 Hp 3"DC Surface Pump တပ်ဆင်ခြင်းလုပ်ငန်းများကို၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၈၀၈ သန်းဖြင့်လည်းကောင်း၊ ဘနစ်အရှေ့ကျေးရွာ၌ 9.9 kW ဆိုလာစနစ်၊ 5.5 Hp 8" Inclined Pump နှင့် 7.5 kW Inverter တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၀၀၃ သန်းဖြင့်လည်းကောင်း၊ မင်းဂရုကျေးရွာ၌ 2.2 kW ဆိုလာစနစ်နှင့် 2.95 Hp 4"DC Surface Pump တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သည်။

ဆက်လက်၍ ကုန်းပတ္တော်ကျေးရွာ၌ 1.65 kW ဆိုလာစနစ်နှင့် 2 Hp 3"DC Surface Pump တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၄ သန်းဖြင့်လည်းကောင်း၊ စံကျောင်းကျေးရွာ၌ 9.9 kW ဆိုလာစနစ်၊ 5 Hp 8" Pump နှင့် 7.5 kW Inverter တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၄၆၄ သန်းဖြင့်လည်းကောင်း ၂၀၂၄ ခုနှစ်အောက်တိုဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

**ငြိမ်းသူ**



# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၅၀၈၇ ဧက စိုက်ပျိုးပြီးစီး၊ သီးနှံများဖြစ်ထွန်းအောင်မြင်စေရေးအလေးထားဆောင်ရွက်



**ကန့်ဘလူ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၄- ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်း ၃၅၆၅ ဧကနှင့်ဖူးစားပြောင်း ၁၆၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယမန်နှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ အစေ့ထုတ်ပြောင်း ၃၅၂၉ ဧကနှင့် ဖူးစားပြောင်း ၁၅၅၈ ဧက စုစုပေါင်း ၅၀၈၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၅၁၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးပြီးစီးမှု ရာခိုင်နှုန်းအနေနဲ့ အစေ့ထုတ်ပြောင်း ၉၈ ဒသမ ၉၉ ရာခိုင်နှုန်းနဲ့ဖူးစားပြောင်း ၉၆ ဒသမ ၅၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေပါပြီ။ ဒီပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့နဲ့ အသိပညာပေးသင်တန်းတွေ၊ ဆွေးနွေးပွဲတွေအပြင် ဒေသအလိုက် ကွင်းတာဝန်ခံများက စိုက်ကွင်းများအရောက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးထားသောသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေးတို့အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ်စနစ်တကျစောင့်ကြည့်ဆောင်ရွက်ကာ မြေမှန်၊ မျိုးမှန်၊ စိုက်စနစ်မှန်ကန်ရေးနှင့် နည်းပညာများ ဖြန့်ဝေပေးနိုင်ရေးတို့အတွက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန်တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့်မိသားစုဝင်ငွေတိုးပွားစေရန်တို့အတွက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီလ ၆ ရက် နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာနရုံး၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ကျေးရွာများ၏ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုလို အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ရမည်းသင်းမြို့နယ်အတွင်းရှိကျေးရွာတို့မှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာနှင့် သက်ဆိုင်သည့်သင်ခန်းစာများကို လုပ်ငန်းထူထောင်နိုင်သည် အထိစာတွေ့လက်တွေ့ နှစ်မျိုးဖြင့် ၁၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်း ရှာဖွေခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ပေါင် ဇန်နဝါရီ ၇**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းကို ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆက်လက်ဆောင်ရွက်ကြောင်း သိရသည်။

တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းညွှန့်ဝင်း ဦးဆောင်မှုဖြင့် ပေါင်မြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါသတိပြုကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



# ပင်လောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေး

**ပင်လောင်း ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ မြို့မဈေး၌ ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးမှု ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝေလင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးလူထွန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မြို့မဈေးအတွင်းရှိ စားသောက်ဆိုင်များ အနေဖြင့် မီးဖိုအသုံးပြုရာတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှု ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ စီမံဆောင်ရွက်ထားမှု ရှိ၊ မရှိ စစ်ဆေးကြသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ဦးစီးမှူးက ဈေးရောင်းဈေးဝယ်သူများကို မီးသတ်ဆေးဘူးအသုံးပြုပုံများ ရှင်းလင်းပြောကြားပြီး ဈေးရောင်းဈေးဝယ်သူများက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့ဆောင်ရွက်ကြသည်။

ထို့နောက် ဈေးရောင်းဈေးဝယ်သူများအား မီးဘေးလုံခြုံရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ Paper A4(100gsm) နှင့် Paper A4(70gsm) တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.22.Stationery(2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချသည့်ရက် | - ၈-၁-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၂၁-၁-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု) ၂၀၂၄ ၄ပ-၉၉(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မအားစွန်းတာနှင့် မအားစွန့်တာ ၁၃/ကတန(နိုင်)၁၅၃၄၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မအားစွန်းတာ(ခ)မအားစွန့်တာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ရူပဗေဒ (အထူးပြု) ၂၀၂၄ ၄ရပ-၁၄(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မယောစေဘတ်၏ဖခင် ဦးအားန ၁၃/ကတန(နိုင်)၀၂၇၄၀၀ နှင့် ဦးအာနမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအားန(ခ)ဦးအာန**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ရူပဗေဒ (အထူးပြု) ၂၀၂၄ ၄ရပ-၁၄(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မယောစေဘတ်နှင့် မယောစေဘက် ၁၃/ကတန(နိုင်)၁၇၄၁၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မယောစေဘတ်(ခ)မယောစေဘက်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု) ၂၀၂၄ ၄ပ-၉၇(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်ဂျက်စတင်း၏ဖခင် ဦးမျိုးဆွေနှင့် ဦးခွန်မျိုးဆွေ ၁၃/ကတန(နိုင်)၀၉၂၇၈၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမျိုးဆွေ(ခ)ဦးခွန်မျိုးဆွေ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု) ၂၀၂၄ ၄ပ-၁၀၄(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မနန်းဆီအွမ်း၏ဖခင် ဦးစိုင်းဆာနှင့် ဦးအိုက်ဆာ ၁၃/မဆန(နိုင်)၀၀၁၁၈၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုင်းဆာ(ခ)ဦးအိုက်ဆာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု) ၂၀၂၄ ၄ပ-၂၁၀(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မနှင်းကေခိုင်နှင့် မနှင်းကေကေခိုင် ၁၃/မယတ(နိုင်)၀၃၁၉၅၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မနှင်းကေခိုင်(ခ)မနှင်းကေကေခိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ စိတ်ပညာ (အထူးပြု) ၂၀၂၄ ၄စ-၃(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မနန်းရုံ၏ဖခင်ဦးအိုက်လုံခေးနှင့်ဦးအိုက်လုန်စေး ၁၃/တခလ(နိုင်)၀၀၆၅၉၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအိုက်လုံခေး(ခ)ဦးအိုက်လုန်စေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု) ၂၀၂၄ ၄ပ-၄၇(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မမာရီနာ၏ဖခင် ဦးခမ်းလျှံ ၁၃/ပယန(နိုင်)၀၀၆၅၁၉ နှင့် ဦးခမ်းလျံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးခမ်းလျှံ(ခ)ဦးခမ်းလျံ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု) ၂၀၂၄ ၄ပ-၄၈(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မနာအီ၏ဖခင် ဦးကျာစီး ၁၃/ပယန(နိုင်)၀၀၇၄၈၀ နှင့် ဦးကျရှီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျာစီး(ခ)ဦးကျရှီး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင် (အထူးပြု) ၂၀၂၄ ၄ပ-၅၂(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မမိယယ်၏ဖခင်ဦးဗေဘာဒူနှင့်ဦးဗေဘာဒူး ၁၃/ကတန(နိုင်)၁၁၂၇၃၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဗေဘာဒူ(ခ)ဦးဗေဘာဒူး**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နေ နိုင်ဇော်မြင့်(ဘ)ဦးတင်မြင့် ၁၄/သပန(နိုင်)၀၈၉၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 582369)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၂၉၀၈**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နေ မသဲမာ(ဘ)ဦးသောင်းမြင့် ၁၄/ကခန(နိုင်)၀၉၇၅၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၅၆၉၃၅၃**

### ပျောက်ဆုံးကြောင်း
ခင်နီလာစုစုလှိုင်(ဘ)ဦးမောင်မောင် ၁၁/မပတ(နိုင်)၀၄၄၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၉၅၀၉၈၅**

### ပျောက်ဆုံးကြောင်း
ဦးသုဇာတ(ဘ)ဦးအောင်ဆင့် ၁၀/ဘလန(သ)၀၀၂၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
အေးအေးမော် ၁၂/လမန(ပြု)၀၀၁၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
ဦးကျော်သူ(ဘ)ဦးမြင့်ဆွေ ၁၂/လသယ(နိုင်)၀၃၆၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
လူယိုမေ(ဘ)ဦးလူကျိန်းဟွ ၁၃/လရန(နိုင်)၁၈၉၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
စောသန်းလွင်(ဘ)ဦးထွန်းမြိုင် ၃/ဘအန(နိုင်)၂၁၂၂၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(ME 554741)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
နန့်ကြည်ပြာမွန်(ဘ)မန်းဝင်းစိန် ၁၄/ကပန(နိုင်)၁၇၂၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အောင်ကျော်လင်း(ဘ)ဦးထွန်းရွှေ ၉/ခအဇ(နိုင်)၀၄၅၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 914394)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ခင်ကြည်အေး(ဘ)ကျန်ပိဝမ် ၉/မကန(နိုင်)၀၇၀၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 772800)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၀၆၆၆၉၈**

### ပျောက်ဆုံးကြောင်း
စည်သူ(ဘ)ဦးစိန်သောင်း ၁၄/မအန(နိုင်)၂၆၂၈၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 399586)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ဖြူသင်းဝေ(ဘ)ဦးချစ်မောင် ၁၂/လမန(နိုင်)၁၅၄၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 721828)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ထက်မြက်အောင်(ဘ)ဦးမောင်ကြီး ၁၁/ကတန(နိုင်)၀၈၅၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၃၅၉၀၈**

### ပျောက်ဆုံးကြောင်း
မတင်အေး(ဘ)ဦးဦးကျော်ဇော ၁၁/မပန(နိုင်)၀၇၃၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
မင်းသူရိန်ကျော်(ဘ)ဦးရဲမင်းထွန်း ၅/ဝလန(နိုင်)၁၃၆၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၉၄၉၃၆၆**

### ပျောက်ဆုံးကြောင်း
ခင်မိုးမြင့်(ဘ)ဦးမောင်မောင်ထွန်း ၁၁/သတန(နိုင်)၀၅၅၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၁၉၂၈၆**

### ပျောက်ဆုံးကြောင်း
ဒေါ်မီမီလွင်(ဘ)ဦးမာမက်အာလင်၁၀/မလမ(နိုင်)၃၁၅၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
မငွေးငွေးနိုင်(ဘ)ဦးအေးနိုင် ၈/ငဖန(နိုင်)၀၄၂၈၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ကျော်မြင့်ဦး(ဘ)ဦးစမတ် ၉/ပဘန(နိုင်)၁၄၂၃၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ဖွန်ညီညီအောင်(ဘ)ဦးလှိုင်ဝင်း ၁၄/ကခန(နိုင်)၀၇၉၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
စန်းစန်းထွေး(ဘ)ဦးမောင်သန်း(ခ)ချက်တီဘဲလူး ၁၂/မဂဒ(နိုင်)၂၂၀၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 709679)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အေးအေးအောင်(ဘ)ဦးဝင်းမောင် ၁၃/တကန(နိုင်)၁၄၅၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြရတနာလမ်း၊ (၁၅၈)နေ စိန်မြင့်(ဘ)ဦးကောက် ၁၂/သဃက(နိုင်)၀၇၈၉၀၁ ကိုင်ဆောင်သူ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၅၀၀၆၈၀၀**

### ပျောက်ဆုံးကြောင်း
မြောင်းမြမြို့နယ်၊ သိလ္လာချောင်းဖျားအုပ်စု၊ သိလ္လာရွာနေ မတင့်တင့်ထွန်း(ဘ) မန်းကျော်သန်း ၁၄/မမန(နိုင်)၂၄၁၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၄၇၈၀၀၀**

### ပျောက်ဆုံးကြောင်း
သာစည်မြို့နယ်၊ ကုက္ကိုစုကျေးရွာနေ မနန္ဒာဝင်း(ဘ)ဦးစိန်ဝင်း ၉/သစန(နိုင်)၂၂၁၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၄၇၈၀၀၀**

### ပျောက်ဆုံးကြောင်း
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ မောင်ကျော်မျိုးထက်(ဘ)ဦးမောင်ကင်း ၇/ပခန(နိုင်)၂၆၇၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။**
**ဖုန်း-၀၉-၄၂၃၆၆၃၇၅၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ ဦးအောင်ကိုကိုထွန်း ၇/ရတန(နိုင်)၀၈၃၈၈၈၏သားဖြစ်သူ မှော်ဘီ၊ အထက(၂)၊ Grade-4 မှ မောင်အောင်ကိုခန့်(ခ)မောင်မင်းဘုန်းမြတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်အောင်ကိုခန့်(ခ)မောင်မင်းဘုန်းမြတ်**

### သမီးအရင်းဖြစ်ပါကြောင်း
အိမ်အမှတ်(၅၆၃/၅၆၄)၊ ချင်းတွင်း(၇)လမ်း၊ လှိုင်သာယာမြို့နယ်နေ ဦးအောင်မြင့်ဦး ၁၀/ဘလန(နိုင်)၀၆၆၉၅၂ နှင့် ဒေါ်ဝါဝါခိုင် ၇/မညန(နိုင်)၀၅၉၄၂၃ တို့၏သမီး ကျောင်းဝင်အမှတ်(ကပ ၀၀၅၆/၂၁) မမိုးသီရိကျော်မှာ သမီးအရင်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မမိုးသီရိကျော်**

### ပျောက်ဆုံးကြောင်း
ကျိုက်ထိုမြို့၊ သိမ်ဇရပ်ကျေးရွာနေ မညီညီဝင်း(ဘ)ဦးသန်းဝင်း ၁၀/ကထန(နိုင်)၀၈၂၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ မြို့တွင်းကြီးနေ မောင်မြတ်ကိုကို(ဘ)ဦးသန့်ရှင်း ၇/ပခန(နိုင်)၂၄၉၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဝေါမြို့၊ ဖိုစန္ဒာစုကျေးရွာနေ ဝေနွယ်ဦး(ဘ)ဦးကုလားလေး ၇/ဝမန(နိုင်)၁၉၀၇၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၇၄၅၀၂၂၀**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ကင်းချောင်းရွာနေ သန္တာမျိုး(ဘ)ဦးဆန်းဗိုလ် ၇/ပခန(နိုင်)၃၃၇၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းအရှေ့ဘက်ခြမ်းစွန်းလွန်းရွာမရှိ အရှေ့လားသော် ဒေါ်သင်းသင်းလဲ့၊ အနောက်လားသော် လမ်း၊ တောင်လားသော် ဦးတင်မော်၊ မြောက်လားသော် ဦးတိုးအောင်ထိုင်းမြေ၊ ယင်းအနားလေးရပ်အတွင်းရှိ(အလျား ၃၅'-၀" x အနံ ၃၈'-၀")ရှိသော ဝိုင်းမြေတွင် ဦးငွေးအောင်(၉/မခန(နိုင်)၀၁၀၁၃၇)ကိုင်ဆောင်သူမှ(အလျား ၂၂'-၆" x အနံ ၂၂'-၆")နံကပ်(၁)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
အေးချမ်းမြင့်မိုရ်(ဘ)ဦးမျိုးမင်းအောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ခိုင်လင်းထွန်း(ဘ)ဦးခင်ထွန်း ၁၂/တမန(နိုင်)၀၉၄၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၂၃၅၇၇**

### ပျောက်ဆုံးကြောင်း
နှင်းနှင်းအေး(ဘ)ဦးအေးမြင့် ၈/အလန(နိုင်)၁၁၆၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၆၃၃၇၁၄**

## ဘာစီလိုနာအသင်းက စပါးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဆွန်ယောင်မင်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်စီစဉ်



ဘာစီလိုနာ ဇန်နဝါရီ ၇

ဘာစီလိုနာအသင်းက ယခုဘောလုံးရာသီအကုန်တွင် စပါးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် တိုက်စစ်ကစားသမား ဆွန်ယောင်မင်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ဆွန်ယောင်မင်သည် ၂၀၁၅ ခုနှစ်က လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် အစောပိုင်းက ပွဲကစားခွင့်နည်းပါးခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် အသင်း၏ အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြနိုင်ခဲ့ပြီး စပါးအသင်းတွင် အသင်းဖော်ဟောင်း ဟယ်ရီကိန်းရှိစဉ်ကလည်း ၎င်းနှင့်အတူ အကောင်းဆုံးတွဲဖက်ခြေစွမ်းပြနိုင်သူဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီတွင် ဆွန်ယောင်မင်သည် စပါးအသင်းမှ ဟယ်ရီကိန်း ထွက်ခွာသွားချိန်တွင် အသင်းခေါင်းဆောင်အဖြစ် စတင်တာဝန်ယူခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ခြေစွမ်းပိုင်းကျဆင်းလာသည့်အတွက် စပါးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စဉ်းစားနေခြင်းဖြစ်သည်။

စပါးအသင်းအနေဖြင့် ယခုဘောလုံးရာသီကုန်အထိ ဆွန်ယောင်မင်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည်ဖြစ်သည့်အတွက် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်းဘဏ္ဍာရေးအကျပ်အတည်းများကြောင့် နောက်ပိုင်းအပြောင်းအရွှေ့ကာလများတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်ကစားသမားများကို ဦးစားပေးခေါ်ယူနေပြီး ယခုအခါတွင်လည်း ဆွန်ယောင်မင်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်အခွင့်အရေးရှိနေခြင်းဖြစ်သည်။

ဆွန်ယောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၅ ခုနှစ်မှစတင်ပြီး လက်ရှိအချိန်ထိ ပြိုင်ပွဲစုံ ၄၃၁ ပွဲ ပါဝင်ကစားပေးခဲ့ကာ ၁၆၉ ဂိုး သွင်းယူနိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၂၇ ပွဲ ပါဝင်ကစားခဲ့ကာ ခုနစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်ထားသည်။ လက်ရှိတွင် ပရီးမီးယားလိဂ်ကလပ်အသင်းတချို့ကလည်း ၎င်းကိုခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

Ref;One Football

## အာဆင်နယ်အသင်းကစားသမား အန်ဝမ်နရီ ဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ် အနားယူရမည်

လန်ဒန် ဇန်နဝါရီ ၇

အာဆင်နယ်အသင်း တောင်ပံကစားသမား အန်ဝမ်နရီသည် ဘရိုက်တန်အသင်းနှင့်ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ခြေထောက်ကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက် ရက်သတ္တအနည်းငယ်အနားယူရမည်ဖြစ်ကြောင်း နည်းပြအာတီတာက အတည်ပြုပြောကြားခဲ့သည်။

အန်ဝမ်နရီသည် ယခုဘောလုံးရာသီတွင် နည်းပြအာတီတာ၏ယုံကြည်မှုနှင့်အတူ ပွဲကစားခွင့်များရရှိခဲ့ပြီး အသင်းတောင်ပံတိုက်စစ်ပိုင်းတွင် ဆာကာဒဏ်ရာရရှိချိန်တွင် အန်ဝမ်နရီလည်း အနားယူရမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းတောင်ပံတိုက်စစ်ပိုင်းအတွက် လိုအပ်ချက်များရှိလာမည်ဖြစ်သည်။

နည်းပြအာတီတာက "အန်ဝမ်နရီရဲ့ဒဏ်ရာက မပြင်းထန်ဘူးဆိုပေမယ့် ရက်သတ္တအနည်းငယ်တော့ အနားယူရမှာပါ။ ဘယ်အချိန်ထိအနားယူရမလဲတော့ မသိသေးပါဘူး"ဟု ပြောကြားခဲ့သည်။

အန်ဝမ်နရီသည် ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၂ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano

## ဂျူဗင်တပ်စ်အသင်းက တိုက်စစ်ကစားသမားဗလာဟိုဗစ်ချ်နှင့် မန်ယူအသင်းမှတိုက်စစ်ကစားသမားဇက်ဇီးတို့ကို ကစားသမားအချင်းချင်း အလဲအလှယ်လုပ်ဆောင်ရန်ကြိုးပမ်းနေ

ရောမ ဇန်နဝါရီ ၇

ဂျူဗင်တပ်စ်အသင်းသည် မန်ယူအသင်းနှင့်အနာဂတ်မရေရာဖြစ်နေသည့် တိုက်စစ်ကစားသမားဇက်ဇီးကို အသင်းမှ တိုက်စစ်ကစားသမား ဗလာဟိုဗစ်ချ်နှင့် ကစားသမားအချင်းချင်း အလဲအလှယ်လုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဇက်ဇီးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘိုလော့ဂ်နာအသင်း၌ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းတွင်ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့်အတွက် အနာဂတ်မရေရာဖြစ်နေခြင်းဖြစ်သည်။

လက်ရှိဂျူဗင်တပ်စ်အသင်းနည်းပြ မော့တာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဇက်ဇီးနှင့် ဘိုလော့ဂ်နာအသင်း၌ တွဲဖက်ခဲ့သူဖြစ်ပြီး ဇက်ဇီးအနေဖြင့် စီးရီးအေပြိုင်ပွဲအတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် ခေါ်ယူလိုခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းကလည်း ပြောင်းရွှေ့ကြေးအသုံးစရိတ် အသုံးမပြုလိုသည့်အတွက် အသင်းမှတိုက်စစ်ကစားသမား ဗလာဟိုဗစ်ချ်နှင့် ကစားသမားအချင်းချင်း အလဲအလှယ်လုပ်ဆောင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အလားတူ မန်ယူအသင်းကလည်း အသင်းတိုက်စစ်ပိုင်း၌ ဇက်ဇီးနှင့် ရက်ရှ်ဖို့ဒ်တို့ကို ရောင်းချလိုသော်လည်း အသင်းတိုက်စစ်ပိုင်းတွင် ဟွိုက်လန်းတစ်ဦးတည်းသာရှိနေသည့်အတွက် နောက်ထပ်တိုက်စစ်ကစားသမားရှာဖွေမှုများ လုပ်ဆောင်နေသောကြောင့် ဂျူဗင်တပ်စ်အသင်းက ဗလာဟိုဗစ်ချ်နှင့်ကစားသမားချင်းလဲလှယ်လိုခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း အစောပိုင်းကတည်းက ဗလာဟိုဗစ်ချ်ကိုခေါ်ယူရန် ကမ်းလှမ်းခဲ့ဖူးသည့်အတွက် အပြောင်းအရွှေ့ဖြစ်မြောက်ဖွယ်ရှိကြောင်း သိရသည်။

Ref;Fotmob

## ဗယ်လ်ကာနိုအသင်းနှင့်စာချုပ်ဖျက်သိမ်းခဲ့သည့် ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ် ကလပ်အသင်းလက်မဲ့ကစားသမားဖြစ်လာ

မက်ဒရစ် ဇန်နဝါရီ ၇

ဗယ်လ်ကာနိုအသင်းကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် အသင်းနှင့်စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ကစားသမားဖြစ်လာကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ်ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်ကြိမ်ပြောင်းရွှေ့ကစားခဲ့ပြီး ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် နောက်ပိုင်းဘောလုံးရာသီများတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေခဲ့ရသည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းမှထွက်ခွာပြီး အဲဗာတန်အသင်း၊ အယ်လ်ရေယန်အသင်း၊ အိုလံပီယာကို့စ်အသင်း၊ ဆာအိုပါအူလိုအသင်း စသည့်အသင်းများထံ အဆင့်ဆင့်ပြောင်းရွှေ့ကစားပြီးနောက် ၂၀၂၄ ခုနှစ်က ဗယ်လ်ကာနိုအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ဗယ်လ်ကာနိုအသင်း၌လည်း ဒဏ်ရာပြဿနာများနှင့် ထပ်မံရုန်းကန်နေရပြီး နည်းပြအင်ဂိုပီရက်ဇ်လက်အောက်တွင် ပွဲထွက်ခွင့်မရရှိဘဲ ရုန်းကန်ခဲ့ရကာ ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံခုနစ်ပွဲသာ ကစားခွင့်ရရှိခဲ့သောကြောင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့သည့်အတွက် ကလပ်အသင်းလက်မဲ့ကစားသမားဖြစ်လာကြောင်း သိရသည်။

Ref;Fabrizio Romano



# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇန်နဝါရီ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၃ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၀၉၉၅၀၀)ကိုလည်းကောင်း၊ **ဇန်နဝါရီလ ၆ ရက်**တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၁၈၇၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၉)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၆၈၅၆၀၇)ကိုလည်းကောင်း၊ အရှေ့ဒဂုံမြို့နယ် Dry Port (ကုန်းတွင်းဆိပ်ကမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၇၂၅၁၆၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၆၉၇၂၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၆ ရက်**တွင်ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်X-Rayစက်စစ်ဆေးရေးဂိတ်၌ သာမညမှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးနှင့်ဘားအံမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး၊ Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၂၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အရှေ့ဒဂုံမြို့နယ်၊ Dry Port (ကုန်းတွင်းဆိပ်ကမ်း)၌ ဖမ်းဆီးရမိမှု။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးနှင့် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၉၀၉၆၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus (၁)စီး၊ Jin Bei Mini Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၅၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှမန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၆၉၄၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၄၇၇၉၀၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၃ ရက် နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၇၉၉၅၁၇၆)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

# ယင်းမာပင်မြို့နယ်၊ မြို့သစ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့နေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ




**နေပြည်တော် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မြို့သစ်ကျေးရွာကို ဇန်နဝါရီလ ၅ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို မငဲ့ကွက်ဘဲ မြို့၊ ရွာများအတွင်း တရားမဝင် ဝင်ရောက်၍ တိုက်ပွဲများဖော်ဆောင်လာခြင်းများကြောင့် မြို့/ရွာများ ပျက်စီးရကြောင်းနှင့် ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအတွင်း အေးချမ်းတည်ငြိမ်မှုရှိစေရန် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

၈-၁-၂၀၂၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(မိုး/ဇလ)**


Quality For You
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့၊ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၀


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT
QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
NAN MYAING
PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကျန်းမာစေသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
- (က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- (ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- (ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
- (ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# သဲကုန်းမြို့နယ်၌ ဆီထွက်သီးနှံမြေပဲ ၄၆၆၆ ဧက စိုက်ပျိုးရန်လျာထား



သဲကုန်း ဇန်နဝါရီ ၇

ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိရိုးဖလာလုပ်ငန်းဖြစ်သောစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုနှစ် ဆောင်းရာသီ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံတို့ကို အဓိကထားစိုက်ပျိုးလျက်ရှိသည်။

သဲကုန်းမြို့နယ်၌ ဆီထွက်သီးနှံဖြစ်သည့် ဆောင်းမြေပဲများ စိုက်ပျိုးထုတ်လုပ်ရန်လျာထားဧကမှာ ၄၆၆၆ ဧကဖြစ်ပြီး နိုဝင်ဘာလတွင်စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလအကုန် **စာမျက်နှာ ၂၅ ကော်လံ ၁** ❐

## ဆောင်းပါး

ငွေနှင်းစိုစို လပြာသို

စာ - ၁၃ သို့

## (၇-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၃၃၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့်ညအပူချိန်များ

၇-၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| လွိုင်လင် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်လှုပ်ခတ်၊ ၁၂၆ ဦးသေဆုံးပြီး ၁၈၈ ဦးဒဏ်ရာရ

လာရှာ၊ သဘာဝဘေး



တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ရှီကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တင်းရီခရိုင်တွင် ဇန်နဝါရီလ ၇ ရက်က ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၂၆ ဦးသေဆုံးပြီး ၁၈၈ ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅ မိနစ်ခန့်တွင် ဆိုကိုမြို့နယ်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ဗဟိုချက်မှ ၂၀ ကီလိုမီတာအကွာတွင် ကျေးရွာပေါင်း ၂၇ ရွာ၊ လူ ၆၉၀၀ ခန့်နေထိုင်လျက်ရှိကြောင်းသိရသည်။ တင်းရီခရိုင်အတွင်းမှာပင် **စာမျက်နှာ ၂၃ ကော်လံ ၁** ⇨

